မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC) အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC) အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ စစ်သံမှူး Colonel Richard Q Lagrana PA (GSC) အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေး စက်ရုံအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မတ်လ ၁၇ ရက်နေ့က ကျောက်ဆည်မြို့ရှိ တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဆင်မင်းဘိလပ်မြေစက်ရုံနှင့် မကွေးတိုင်းအတွင်းရှိ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာစက်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တော်ဝင် ပလတ်စတစ်ရက်ထည်အိတ်စက်ရုံကို ထုပ်ပိုးအိတ်များ လုံလောက်မှုရှိစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာရေးဟူသည့် ရည်ရွယ်ချက်များဖြင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ကီလိုဂရမ် ၅၀ ဝင် ပလတ်စတစ်ရက်ထည်အိတ် ၁၇ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ဆင်မင်းဘိလပ်မြေစက်ရုံများအပါအဝင် ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံများအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ရာတွင် ဘိလပ်မြေသည် အဓိကကျသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ဘိလပ်မြေများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် အပြည့်အဝထုတ်လုပ်နိုင်ရေး တိုးချဲ့ဆောင်ရွက်ကြရမည် ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံအထွက်နှုန်းတိုးစေမည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက် ဓာတ်မြေဩဇာစက်ရုံများ၏ စက်ကြံ့ခိုင်သန်စွမ်းရေးကို နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိသည်။ စက်ပစ္စည်းများ ရေရှည်ခိုင်ခံ့ရေးအတွက် တာဝန်ရှိသူများအနေဖြင့် စက်များကြံ့ခိုင်ရေးစစ်ဆေးခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းတို့ကို အချိန်အခါမလပ် ဆောင်ရွက်ကြရမည် ဖြစ်သည်။

စက်ရုံအသီးသီးတို့ စက်စွမ်းအားပြည့် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုမည် ဖြစ်သည်။

စက်ပစ္စည်းများကို စက်ရုံတစ်ခုတည်းက တီထွင်ထုတ်လုပ်ခြင်းထက် စက်မှုဇုန်များ၊ ဝန်ကြီးဌာနများရှိ စက်ရုံများ ပေါင်းစပ်လုပ်ဆောင်ခြင်းဖြင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် စက်ရုံအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကုက္ကိုင်း ရိပ်သာလမ်း အမှတ် ၅၃ နေ ကွယ်လွန်သူ မိခင် ဒေါ်စိန်နု (၁)နှစ်ပြည့် ရည်စူး၍ ဒေါက်တာဦးဝင်း၊ ဒေါ်နုနုအေး၊ ဦးဝင့်ခင်ဇော်၊ ဒေါ်သန္တာဝင်း၊ ကိုထွန်းအေးမောင်ဝင်း၊ (မြေး) သာလွန်ခင်ဇော်တို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၀-၃-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** အပိုင်း(၁၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့အကြီးဆုံး သတင်းဆက်သွယ်ရေးနည်းပညာပြပွဲ ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့၌ ဖွင့်လှစ်

ဘာလင် မတ် ၁၉

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် ကမ္ဘာ့အကြီးဆုံး သတင်းဆက်သွယ်ရေးနည်းပညာပြပွဲ (စီအီးဘီအိုင်တီ) ဖွင့်ပွဲကို မတ် ၁၅ ရက်က ကျင်းပရာ နိုင်ငံပေါင်း ၇၇ နိုင်ငံမှ ကုမ္ပဏီ ၆၀၀၀ ကျော် ပါဝင်ပြသခဲ့သည်။

အဆိုပါပြပွဲတွင် ဂျာမနီနိုင်ငံမှ ကုမ္ပဏီပေါင်း ၂၇၀၀ ခန့်ပါဝင်ပြသခဲ့ပြီး ကမ္ဘာနှင့်အဝန်းရှိ နိုင်ငံပေါင်း ၇၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၃၃၁၁ခု ပါဝင်ပြသခဲ့ကြသည်။

ပြသထား

ပြခန်းပေါင်း ၁၆၀၀မှာအာရှနိုင်ငံများမှဖြစ်ပြီး ပြည်ပမှပါဝင်ပြသသည့် အဖွဲ့များတွင် အကြီးဆုံးအဖွဲ့ ဖြစ်သည်။ ဆန်းသစ် တီထွင်ထားသည့် ထုတ်လုပ်မှုများအား စီးပွားရေးဆိုင်ရာ လုပ်ငန်းပြကွက်၊ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပြကွက်၊ ဒီဂျစ်တယ်ပစ္စည်းကိရိယာနှင့် နည်းစနစ်ပြကွက်၊ ဘဏ္ဍာလုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာပြကွက်၊ စီမံခန့်ခွဲရေး ဒီဂျစ်တယ်ပြကွက်များ ခွဲကာပြသထားသည်။

တွေ့မြင်ခံစား

ပြပွဲသို့ လာရောက်ကြည့်ရှုသူများအနေဖြင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို မတူညီသော ရှုထောင့်မျိုးစုံမှ တွေ့မြင်ခံစားကာ အတွေ့အကြုံများစွာ ရရှိလိမ့်မည်ဖြစ်ကြောင်း ပြပွဲကျင်းပသူ ဒေါ်ရှက်မီဆီး အေဂျေက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂွာတီမာလာတွင် မီးတောင်ပေါက်ကွဲ သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထား

မက္ကဆီကိုစီးတီး မတ် ၁၉

ဂွာတီမာလာနိုင်ငံ ဂွာတီမာလာစီးတီးမြို့မှ ၄၅ကီလိုမီတာအကွာခန့်တွင် ရှိသော ဖူဂိုမီးတောင်ပေါက်ကွဲမှု ဖြစ်ပြီးနောက်(အောက်ပုံ) **မြေငလျင်ငယ်များလှုပ်ရှားခဲ့ရာ ဂွာတီမာလာနိုင်ငံ အမျိုးသားဘေးဒုက္ခ လျော့ပါးရေးအဖွဲ့ရုံးက မတ် ၁၆ ရက်၌ လိမ္မော်ရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားခဲ့သည်။**

ဖူဂိုမီးတောင်မှ ပြာများ ဝေဟင်သို့ မီတာ၅၀၀အမြင့်ထိရောက်ရှိခဲ့ကြောင်း ထို့အပြင် တစ်မိနစ်အတွင်း မြေငလျင်ငယ်ပေါင်း ၂၀မှ ၃၀အထိ လှုပ်ရှားခဲ့ကြောင်း အဆိုပါရုံးက ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

သတိပေး

အဆိုပါမီးတောင်အနီး ပြည်နယ်များမှ မြို့ပေါင်း ၁၄မြို့ရှိ အန္တရာယ်ရှိသော ဒေသခံ ၃၁၀၀၀ကျော်ကို မီးတောင်ပေါက်ကွဲမှု သတိပေးနှိုးဆော်ချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုသို့ မီးတောင်ပေါက်ကွဲမှု သတိပေးချက်ကို အသံလွှင့်ဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်များ ပူးပေါင်းညှိနှိုင်းကာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်ဟု ၎င်းသတင်း၌ ဖော်ပြသည်။

ပြောကြား

ဖူဂိုမီးတောင်သည် ဂွာတီမာလာတွင် လှုပ်ရှားမှုအရှိဆုံး မီးတောင်တစ်ခုဖြစ်ကြောင်း ဂွာတီမာလာနိုင်ငံမှ ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

■ ကျောဖုံးမှ

မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ နံနက် ၇နာရီတွင် ဆင်ဘို-ဟိုပင်လမ်း မိုင်တိုင်အမှတ်(၅၃/၂)အနီးရှိ ပိန်းခွန်ယန်သို့ ဆက်သွယ်ဖောက်လုပ်ထားသော မြေသားလမ်းကြောင်းသစ်လမ်းဆုံရာသို့ရောက်ရှိကြပြီး လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘို-ဟိုပင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၄၄/၄)နှင့် မိုင်တိုင်(၄၆)အကြား ကွဲ့ဆင်တောင်တွင် လမ်းဖောက်လုပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းတစ်လျှောက်လမ်းဖောက်လုပ်ထားရှိမှု အခြေအနေ၊ သဘာဝသစ်တောများ အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး မိုင်တိုင်အမှတ်(၃၅/၀)အနီးရှိ ညောင်ညိုရိပ် စခန်းသို့ရောက်ရှိကြပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသအခြေအနေများကို မေးမြန်း၍ ဖောက်လုပ်ပြီးဖြစ်သော ဆင်ဘို-ဟိုပင်လမ်း ရေရှည်တည်တံ့ အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၂၅/၂)အနီးရှိ ကောက်ကွေ့ချောင်းနှင့် နရန်ခချောင်းတို့ ပေါင်းဆုံရာချောင်းဆုံသို့ရောက်ရှိကြပြီး ကောက်ကွေ့ချောင်း၌ တံတားတည်ဆောက်မည့်နေရာနှင့် ချောင်းတို့၏ ရေစီးရေလာ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၂၄/၄)အနီးရှိထွယ်ရာယံ ကျေးရွာသို့ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံတိုင်းရင်းသားပြည်သူများအား ဆင်ဘို-ဟိုပင်လမ်း ဖောက်လုပ်ပေးခြင်းဖြင့် အနီးပတ်ဝန်းကျင်ဒေသရှိ ကျေးလက်ပြည်သူများ၏ ဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးစသော လူမှုစီးပွားရေးအခြေအနေတို့ အဘက်ဘက်က တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာ၌ တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၈/၆)အနီးရှိ ပန်ဆမ်ကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာရှိ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘို-ဟိုပင်လမ်းတစ်လျှောက်ရှိ သဘာဝသစ်တောများနှင့်သစ်တောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေနှင့် ဖောက်လုပ်ထားသောလမ်း၏ အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးညှင်းခရိုင် နန့်ရင်းချောင်းကူးသစ်သားတံတား၏ ကြံ့ခိုင်မှုနှင့် နန့်ရင်းချောင်း၏ ရေစီးရေလာ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင် အမှတ်(၇/၆)အနီးရှိ လမိုင်ကုန်း (အောက်ဘိုတဲ)ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဟိုပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက ဟိုပင်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ဆင်ဘို-ဟိုပင်လမ်းပိုင်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လမိုင်ကုန်း ရှင်းလင်းဆောင် ရှေ့ရှုရပ်မှ ဟိုပင်မြို့နှင့် ပတ်ဝန်းကျင်ဒေသတို့၏ လမ်းပန်းဆက်သွယ်မှုနှင့် စိုက်ပျိုးမြေအနေအထားများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်းခရိုင် နန့်ရင်းကျေးရွာအနီးရှိ နန့်ရင်း ချောင်းကူးသစ်သားတံတားသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတား၏ ကြံ့ခိုင်မှု၊ နန့်ရင်းချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ နန့်ရင်းကျေးရွာအုပ်စု၏ ပျိုးဥယျာဉ်၌ ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ၎င်းတံတားမှာ ယခင်က ကြိုးတံတားဖြစ်ပြီး ၂၀၀၆ခုနှစ်တွင် ပြန်လည်တည်ဆောက်ပေးခဲ့သည့် ဘေလီသံပေါင် သစ်သားတံတားဖြစ်သည်။ အရှည် ၁၉၅ ပေ၊ အကျယ် ၁၃ပေနှင့် ခံနိုင်ဝန် ၁၃ တန်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟိုပင်မြို့မှ ရွှေဘို-ဟိုပင်-မြစ်ကြီးနားလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား နိုင်ငံခြားဧည့်သည်တွေ့ဆုံ

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ အခြေစိုက် MEASAT Satellite System Co. မှ Senior Advisor Dato' Hj. Ainuddin Noordin သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံလယ်တောရဓမ္မရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၉

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဲခူး ၁၀ မိုင်ကုန်း မိုးကုတ် ဝိပဿနာ မုံလယ်တောရ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲကို (တန်ခူးလပြည့်ကျော် ၁၁ ရက်မှ ကဆုန်လဆန်း ၅ ရက်) ဧပြီ၁၂ရက်မှ၂၀ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီး ကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၂ ရက် ညနေအရောက် လာရောက်ကြရန်နှင့် ဖုန်း-၂၄၇၅၇၆၊ ၅၄၀၈၀၅ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် ဟောပြောပွဲ ဖွင့်ပွဲ ကို မတ် ၁၆ရက်က (၄၀)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ချမ်းမြေ့သာယာစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မောင်မောင်စန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ပါရမီရှင်အသင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၁၉

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ဝေးမြို့နယ် ပါရမီရှင် သွေးလှူရှင်အသင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများက ဦးစီး၍ နေပြည်တော်ရှိ ခုတင်(၃၀၀)ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ယမန်နေ့တွင် သွေးလှူရှင် ၁၀ ဦးတို့က သုံးကြိမ်မြောက် သွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များက လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၇ မှ ၄-၄-၂၀၀၇)

(မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

ဂျာမနီ နိုင်ငံ ဗျူရင်ဘတ်မြို့တွင် ကျင်းပသည့် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့် အလုပ်သဘော ညစာ စားပွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဦးဉာဏ်ဝင်းအား ဂျာမနီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာ ဖရန့် ဝေါ်လ်တာ စတိုင်းမိုင်ယာ ကြိုဆိုနှုတ်ဆက်စဉ်။

(နိုင်ငံခြားရေး)

အာဆီယံ–အီးယူ ဝန်ကြီးများ၏ အစည်းအဝေးမှ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒေါက်တာဖရန့် ဝေါ်လ်တာ စတိုင်းမိုင်ယာ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံ ဗျူရင်ဘတ်မြို့၌ မတ်၁၄ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဂျာမနီနိုင်ငံ၌ ရှိနေစဉ် မတ် ၁၄ရက် ညနေ ၆နာရီတွင် ဗျူရင်ဘတ်မြို့ မြို့တော်ခန်းမ၌ ဗျူရင်ဘတ်မြို့တော်ဝန်က တည်ခင်းသည့် ကြိုဆိုညစာ့ခံပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းညစာ့ခံပွဲတွင် ဗျူရင်ဘတ်မြို့တော်ဝန် ဒေါက်တာ အူးလ်ရစ်ချ် မာလီနှင့်ဂျာမနီနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဖရန့်ဝေါ်လ်တာ စတိုင်းမိုင်ယာတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အလုပ်သဘောညစာစားပွဲကိုဆက်လက်ကျင်းပရာ ယင်းညစာစားပွဲ တွင် အပြည်ပြည်ဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များဖြစ်သည့် အရှေ့အလယ်ပိုင်း၊ အီရန်၊ အီရတ်၊ အာဖဂန်နစ္စတန် လက်နက်မပြန့်ပွားရေးနှင့် ကိုရီးယားကျွန်းဆွယ်ကိစ္စများကို အကျယ်တဝင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁၅ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ဂျာမနီနိုင်ငံ ဗျူရင်ဘတ်မြို့ ဗျူရင်ဘတ်ညီလာခံအဆောက်အအုံ၌ ကျင်းပသည့် အာဆီယံ–အီးယူ နိုင်ငံခြားရေး ဝန်ကြီးများ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး အာဆီယံ–အီးယူ အနှစ်(၃၀) ဆက်ဆံရေးကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အနာဂတ်အလားအလာကိစ္စ၊ဒေသဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အာဆီယံတွင် ဖြစ်ပေါ်တိုးတက်မှု၊ အီးယူတွင် ဖြစ်ပေါ်တိုးတက်မှု၊ အာရှနှင့်ပစိဖိတ်ဒေသတို့တွင် ဖြစ်ပေါ် တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းဆွေးနွေးမှုများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်း တည်ငြိမ်ရေးအတွက်ကြိုးပမ်းနေမှုများ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရရှိမှုအခြေအနေ၊ အမျိုးသားညီလာခံ၏ တိုးတက်မှုအခြေအနေ၊ အမျိုးသားညီလာခံပြီး ဆုံးပြီးနောက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှု၊ နိုင်ငံတော်၏ လူမှု–စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများ၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြန်မာနိုင်ငံနှင့် အီးယူအကြားပူးပေါင်း ဆောင်ရွက်မှုများ အခြေအနေများကို ရှင်းလင်း ပြောကြားဆွေးနွေးခဲ့သည်။

ထို့ပြင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ–အီးယူ အနှစ်(၃၀)ဆက်ဆံရေးကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အနာဂတ်အလားအလာဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးခဲ့ပြီး အာဆီယံနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်ဆံရေး အခြေအနေ၊ အဓိကအားဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အစည်း (အက်စ်စီအို)နှင့် တောင်အာရှ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အက်စ်အေအေအာရ်စီ)တို့၏ ဆက်ဆံရေး အခြေအနေများကို အာဆီယံကိုယ်စား ဦးဆောင်ဆွေးနွေးခဲ့သည်။

အာဆီယံ–အီးယူ နိုင်ငံခြားရေး ဝန်ကြီးများ၏(၁၆)ကြိမ်မြောက်အစည်းအဝေးက အာဆီယံနှင့် အီးယူအကြား အနာဂတ်တွင်မိတ်ဘက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ပတ်သက်သည့် ဗျူရင်ဘတ်ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ဆွေးနွေးမှာကြား

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ–အီးယူ နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆)ကြိမ်မြောက်အစည်းအဝေး ကာလအတွင်း မတ်၁၅ရက် နံနက် ၉နာရီခွဲတွင် ဗျူရင်ဘတ် ညီလာခံအဆောက်အအုံ ကိုပါနီးကပ်ခန်းမ၌ ဩစတြီးယားနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဟန့်စ်ဗင်ကလာအား လက်ခံတွေ့ဆုံခဲ့ပြီး နိုင်ငံတကာရေးရာများနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် မတ်၁၆ရက် နံနက်ပိုင်းတွင် ဘာလင်မြို့ရှိ မြန်မာသံရုံး၌ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းနှင့် သံရုံးဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်၏ မူဝါဒနှင့်ပြည်တွင်းလူမှုစီးပွားရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး သံရုံး၏ စီမံခန့်ခွဲမှုကိစ္စများနှင့် နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်စေမှုကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးကြီး စစ်အေး၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းတို့ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများ ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၉

၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၁၇ရက် နံနက်၉နာရီက မကွေးတိုင်း ပခုက္ကူမြို့ရှိ ပြည်သာယာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပခုက္ကူမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးသန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယကအဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ အလှူရှင် ပခုက္ကူဦးအုံးဖေ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပခုက္ကူခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယကအဖွဲ့ဝင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

စာပေဆု

ထို့နောက် ၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနာယကအဖွဲ့ဝင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်းက ၂၀၀၆ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးအား လည်းကောင်း၊ ၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုတွင် ကဗျာပေါင်းချုပ် ပထမဆုရ **'ငွေကြယ်ရံရဲ့ အလှသစ်နှင်း ရွှေလမင်းနှင့် အခြားကဗျာများ'**ရေးသားသူ မောင်စိုးမြတ် (ချောင်းဦး)၊ ဒုတိယဆုရ **'အရဏ်သစ်မြူး ဖူးပွင့်ဝေစည် ပန်းရွှေပြည် ကဗျာများ'** ရေးသားသူ မြေလတ် မင်းလွင်၊ တတိယဆုရ **'ပွင့်ပန်းသီဂီ ကဗျာများ'** ရေးသားသူ ဓာနည်တို့အား လည်းကောင်း၊ ဝတ္ထုရှည်ဒုတိယဆုရ **'ရွှေသဲတစ်ပွင့်'** ရေးသားသူ သိန်းဇော် (ရွှေလီဦး)၊ တတိယဆုရ**'သဇင်လည်းသင်း လမင်းလည်းသာ'**ရေးသားသူ သိန်းသန်းဝင်း (မလှိုင်)တို့အား လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ပထမဆုရ **'ရင်ထဲကမီးနှင့် အခြားဝတ္ထုတိုများ'** ရေးသားသူ သွဲ့ထားညို(သက္ကလ)၊ ဒုတိယဆုရ **'မှော်ဝတ္ထုတိုများ'**ရေးသားသူ ပုသိမ်အောင်သန်းဦး၊ တတိယဆုရ **'လောကအလှ ဘဝကြေးမုံ ဝတ္ထုတိုများ'** ရေးသားသူ နေမျိုးသန့်တို့အား လည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုရ **'မြန်မာ့ရိုးရာ ပန်းတမော့'** ရေးသားသူမောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်)၊ ဒုတိယဆုရ **'အခြေခံ ကြံကြိတ်ဝါးခြင်းဆိုင်ရာနည်းပညာရပ်များ'**ရေးသားသူ မောင်တင်ဖူးတို့အား လည်းကောင်း၊ သုတေသနစာပေဆုပထမဆုရ**'တော်ဝင်ခံ့ထည် မြန်မာ့ပိုးထည်'** ရေးသားသူ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်ဆေးတက္ကသိုလ်)၊ ဒုတိယဆုရ **'သုတေသနခရီးသွား ပင်းယ၊ အင်းဝမှတ်တမ်းများ'** ရေးသားသူအောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှက ပခုက္ကူ ဦးအုံးဖေ စာပေယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုရ မသီရိရတနာစိုးဟန်(ဒုတိယနှစ်၊သဘင်) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မောင်ဖြိုးဝေထွန်း (ပထမနှစ်၊ ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)တို့၏ ကိုယ်စားလှယ်များအားလည်းကောင်း၊ ပခုက္ကူ ဦးအုံးဖေ မြန်မာစာ ထူးချွန်ဆုရ ရတနာပုံတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မသင်းသင်းဆွေ၊ ရွှေဘိုဒီဂရီကောလိပ်မှ မြန်မာစာအဓိကကျောင်းသူ မမိုးသီတာထွန်း၊ ရတနာပုံတက္ကသိုလ်မှ မြန်မာစာအဓိက ကျောင်းသူ မအာရုံဦးနှင့် မုံရွာတက္ကသိုလ်မှ မြန်မာစာအဓိက ကျောင်းသူ မသင်းမာစိုးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပညာရည်ချွန်

ယင်းနောက် ပခုက္ကူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးမြေအောင်က ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာဘာသာရပ်တွင် ပထမဆုရ မန္တလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှမောင်ထွန်းထွန်း၊ ဒုတိယဆုရ အင်းစိန်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဆုသန်း၊ တတိယဆုရ ပုသိမ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှမောင်ထွန်းနောင်လင်းတို့အားလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မသီရိဝင်း၊ ဒုတိယဆုရ လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မနန်းပိုးပိုးဟန်ထွေး၊ တတိယဆုရ ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်သူသူစိုးတို့အား လည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုရ လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မအိအိလှိုင်၊ ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မသီရိဝင်း၊ တတိယဆုရ လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မနန်းပိုးပိုးဟန်ထွေးတို့အား လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုရ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မအိအိလှိုင်၊ ရူပဗေဒ ဘာသာရပ်တွင် ပထမဆုရ မော်လမြိုင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ မခင်ခင်လေး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုရ အလုံမြို့နယ်အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကောင်းဦးဟန်၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုရ ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခွန်မျိုးထက်၊ သမိုင်းဘာသာရပ်တွင် ပထမဆုရ ငပုတောမြို့နယ် ဟိုင်းကြီးအခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင်မြင့်ထွန်း၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မောင်ဘုန်းမိုးမြင့်၊ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တွင် ပထမဆုရ ကျောင်းကုန်းမြို့နယ်မှ မဟေမာဝင်းတို့အား လည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ကျေးဇူးတင်စကားပြောကြားပြီး ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုများကို ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ၂၀၀၆ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု တစ်သက်တာစာပေဆုရ စာရေးဆရာမကြီးဒေါ်ခင်ဆွေဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်ပခုက္ကူ ဦးအုံးဖေတို့သည် ဆုရရှိသူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာအုပ်အရောင်းဆိုင်

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူ စာကြည့်တိုက်စာအုပ်ဆုများချီးမြှင့်ပွဲ အခမ်းအနား အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အရောင်းဆိုင်များဖွင့်လှစ်ကာ စာအုပ်များကို ရောင်းချပေးလျက်ရှိသည့်အပြင် မြန်မာ့ရုပ်ရှင်လုပ်ငန်းကလည်း ရုပ်ရှင်ဓာတ်ကားများဖြင့်ပြသပြီး စာရေးဆရာများက စာပေရေးရာများကို ဟောပြောကြသည်။ **(သတင်းစဉ်)**

နေပြည်တော်သည် စိုက်ပျိုးရေးအတွက် ရေ၊ မြေသဘာဝကောင်းမွန် ဆည်၊ တမံများဖြင့် စိုက်ပျိုးရေရရှိသော ဒေသဖြစ် မိုးစပါးအထွက်နှုန်းကဲ့သို့ နွေစပါးအထွက်ကောင်းအောင်ကြိုးပမ်း

နေပြည်တော် မတ် ၁၉

ပျဉ်းမနားမြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစုပေါင်းမြေဩဇာကြဲပက်ပွဲကို ယမန်နေ့နံနက် ၇ နာရီက ပျဉ်းမနားမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၁၁/၂)လမ်းဘေးဝဲ/ယာရှိ သစ်လေးလုံးကျေးရွာနှင့် နတ်သူရဲကျေးရွာတို့၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အားပေးပြီး လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ဒေသခံတောင်သူ လယ်သမားများ တက်ရောက်ကြသည်။

လိုက်လံကြည့်ရှုအားပေး

စုပေါင်းမြေဩဇာကြဲပက်ပွဲတွင် သစ်လေးလုံးကျေးရွာ ကွင်းအမှတ် (၁၇၀၇) ရှိ နွေစပါး ၁၃၈ ဧကနှင့် နတ်သူရဲကျေးရွာကွင်းအမှတ်(၁၇၀၆)ရှိ နွေစပါး ၁၇၈ ဧကတို့တွင် ဒေသခံကျေးရွာအုပ်စု အသီးသီးရှိ တောင်သူလယ်သမားများက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်၍ ကြဲပက်ပွဲဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း မြေဩဇာအရည်များ ပက်ဖျန်းခြင်းတို့ကို အိုးစည်ဒိုးပတ် အဖွဲ့အစည်းများဖြင့် တပျော်တပါးဆောင်ရွက်ကြရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က ပျဉ်းမနားမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးရည်မှန်းချက်အပေါ် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တိုက်တွန်းမှာကြား

ထို့နောက် တိုင်းမှူးက နေပြည်တော်ဒေသသည် စိုက်ပျိုးရေးအတွက် ရေမြေသဘာဝကောင်းမွန်သော ဒေသဖြစ်ပြီး ဆည်တမံများဖြင့် စိုက်ပျိုးရေရရှိသော ဒေသဖြစ်ကြောင်း၊ မိုးစပါးအထွက်နှုန်းကောင်းခဲ့သကဲ့သို့ နွေစပါးအထွက်နှုန်းကောင်းအောင်လည်း မျိုး၊ မြေဩဇာ၊ နည်းပညာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများကိုယ်တိုင်ကလည်း အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရာသီဥတုကောင်းမွန် မှန်ကန်စေရေးအတွက် သစ်တောများ ပြုန်းတီးမှုမရှိအောင် တောမီးရှို့ခြင်း၊ ထင်းခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ အုတ်ဖုတ်ခြင်းများ မပြုလုပ်ကြစေလိုကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်ပင်စိုက်ပျိုးရေးကိုလည်း အဓိကထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ဒေသခံ တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ပျဉ်းမနားမြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစီမံကိန်းဧက ၁၅၁၀၀ စိုက်ပျိုးရန် လျာထားရာ ယနေ့ထိ ၈၈၀၅ ဧက စိုက်ပျိုးဆောင်ရွက်ပြီးစီးကြောင်းနှင့် ရာသီကုန်တွင်လျာထားဧကပြည့်မီကျော်လွန်အောင် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနား မြို့နယ် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါး စုပေါင်း မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက် လုပ် ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေ ကြီး(က+ဂ)ရပ်ကွက် (၁၅၇)လမ်း၊ အမှတ် (၁၁၉)နေ ဒေါ်သီသီ၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ဒေါ်သီသီနှင့်မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယကဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးအမှတ်(၁၄)ရဲတပ်ရင်းနှင့် ဇီးပင်ကြီး ရဲဗဟိုလေ့ကျင့်ရေးကျောင်း ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေး ခန်းမဆောင်ဆောက်မည့် မြေနေရာရွေးချယ်ပေး

ရန်ကုန် မတ် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၇ ရက် နံနက် ၈ နာရီက မန္တလေးတိုင်း အမှတ်(၁၄) ရဲတပ်ရင်းသို့ရောက်ရှိပြီး ရဲတပ်ရင်းရှိဗဟိုကင်းကို ကြည့်ရှုစစ်ဆေး၍ (အပေါ်ပုံ)**တပ်ရင်းရုံး၌ ဝန်ကြီးအား ရဲတပ်ရင်းမှူး ဒုတိယရဲမှူးကြီး ဉာဏ်ဇော်က ဦး၊ ရေး၊ ထောက်ဆိုင်ရာများကို ရှင်းလင်းပြသသည်။**

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဝန်ကြီးက စိုက်ပျိုးမွေးမြူရေး၊ တစ်ပိုင်တစ်နိုင် ၁၀ မျိုး၊ ၁၀ ပေါင် ရာသီအလိုက်သီးနှံများကို စိုက်ပျိုးရန်မှာကြားပြီး တပ်ရင်းရုံးခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်ခရိုင် ဇီးပင်ကြီး ရဲဗဟို လေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိကာ သင်တန်းသား ၆၀၀ နှင့် ၈၀၀ ဆံ့ ခန်းမဆောင် ဆောက်လုပ်မည့် အဆောက်အအုံပုံစံနှင့် မြေနေရာများကို ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းတင့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက ခန်းမဆောင် ဆောက်လုပ်မည့် မြေနေရာကို အတည်ပြုရွေးချယ်ပေးပြီး အဆောက်အအုံများ စံချိန်စံညွှန်းမီ အရည်အသွေး ကောင်းမွန်ခိုင်ခန့်စွာ ဆောက်လုပ်ရန်နှင့် ကျောင်းဝင်းအတွင်းရှိ အရိပ်ရပင်များ စိမ်းလန်းစိုပြည်ရေး၊ ရာသီ အလိုက် သီးနှံများကို စိုက်ပျိုးရေးတို့ကို မှာကြားပြီး သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Introduction to Alternative Dispute Resolution (ADR) System Seminar တရားရုံးချုပ်(ရန်ကုန်)တွင် ကျင်းပ

ရန်ကုန် မတ် ၁၉

Introduction to Alternative Dispute Resolution (ADR)System Seminarကို တရားရုံးချုပ်(ရန်ကုန်)မြေညီထပ်အစည်းအဝေး ခန်းမ(၂)၌ ယမန်နေ့နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း ကျင်းပသည်။

ဆွေးနွေးပွဲပထမပိုင်းကို နံနက် ၉ နာရီတွင်ကျင်းပရာ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ယာပုံ)**ဆွေးနွေးပွဲ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက် ကျင်းပရာ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်က အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် တရားရုံးချုပ် သုတေသနဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သော်ဒါစိန်က "Goals and possible uses of ADR system "ကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်အေးအေးလှိုင်က "Introduction to Myanmar Arbitration and International Commercial Arbitration"ကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးသောင်းထွေးက "Taxonomy of ADR System"အကြောင်းကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို စာတမ်းဖတ်ကြားသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တရားရုံးချုပ် သုတေသန ညွှန်ကြားရေးမှူး ဦးလှဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဆွေးနွေးပွဲကို တရားရုံးချုပ်(နေပြည်တော်)ရှိ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပပြီးဖြစ်သည်။ ပြည်သူများအကြား အငြင်းပွားမှုများကို ဖြေရှင်းရာတွင် တရားရုံးများကသာ စီရင်ဆုံးဖြတ်ပေးသည့် နည်းလမ်း သာမက အခြားနည်းလမ်းများဖြစ်သော Negotiation, Mediation, Conciliation နှင့် Arbitration စသည့် နည်းလမ်းများဖြင့် ဖြေရှင်းသည့်စနစ်များကို လေ့လာ ဆွေးနွေးနိုင်ရန် ဆွေးနွေးပွဲ Seminarကျင်းပခြင်း ဖြစ်သည်။

တရားရုံးချုပ်အနေဖြင့် အဆိုပါ (Seminar)ကျင်းပခြင်းဖြင့် ADR System၏ သဘောသဘာဝကို သိရှိနားလည်စေခြင်း၊ မြန်မာနိုင်ငံတွင် လက်ရှိ ကျင့်သုံးလျက်ရှိသည့် Myanmar Arbitration Act 1944 အရ ဆောင်ရွက်ချက်များ၊ International Commercial Arbitration၏ အနှစ်သာရများကို သိရှိစေခြင်း၊ ADR Systemကို လက်တွေ့ ကျင့်သုံးရန်အတွက် လိုအပ်သည့် အခြေခံအချက်များ ရရှိလာနိုင်သည့် အကျိုးအပြစ်များကို သိရှိနားလည်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှုးယစ်ကင်းစင် အလှဆင်

ရည်မှန်းချက်တာဝန်များပြည့်မီအောင် ကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက် တစ်ဦးချင်းအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားအောင် ဆက်လက်ကြိုးပမ်း

ရန်ကုန် မတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး နိုင်ငံတော်ကချီးမြှင့်သည့် ထူးချွန်ဆုတံဆိပ်ရရှိကြသူများနှင့် ထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၏ နှစ်ပတ်လည်နေ့ အခမ်းအနားများကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပလျက်ရှိကြောင်း၊ ပထမရည်ရွယ်ချက်က ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့လုပ်ငန်းဌာနကို ပေးအပ်ခဲ့သည့် ရည်မှန်းချက်တာဝန်များအပေါ် မည်မျှ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သည်ကို ပြန်လည်သုံးသပ်ပြီး လာမည့်နှစ်တွင် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားစွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးမှာကြားလို၍ ဖြစ်ကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ ဝန်ထမ်းတစ်ဦးချင်းအလိုက် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုထက်မြက် မြင့်မားလာရန်အတွက် ချီးမြှင့်ထိုက်သူများကို အားပေးချီးမြှင့်ခြင်းဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော်က ချီးမြှင့်သည့် (၂/၂၀၀၇) ထူးချွန်ဆုတံဆိပ် ရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

၂၀၀၅-၂၀၀၆ ခုနှစ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ရည်မှန်းချက်တာဝန်(၇)ရပ် ပေးအပ်ခဲ့ရာ ရည်မှန်းချက်တာဝန် အားလုံး နီးပါးအား အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ဆက်လက်၍ ယခုနှစ်အတွက် ရည်မှန်းချက်တာဝန်များကိုလည်း ပြည့်မီအောင်၊ ပို၍ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း၊ လုပ်ငန်းဌာနတစ်ခု၏ စွမ်းဆောင်အောင်မြင်မှုသည် အောက်ခြေဝန်ထမ်းများ အပါအဝင် အဆင့်ဆင့်သော ဝန်ထမ်းအားလုံး၏ နိုးကြားတက်ကြွမှု၊ တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် တည်မှီနေကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း အနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားအောင် ဆက်လက်ကြိုးပမ်းကြရန်နှင့် ဌာနတစ်ခုလုံး ပူးပေါင်းဆောင်ရွက်မှု ပိုမိုသွက်လက်ထက်မြက်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

တီထွင်ကြံဆ

မီဒီယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျ ပုံမှန်ဆောင်ရွက်နေလျှင် ထိရောက်သော အောင်မြင်အကျိုးသက်ရောက်မှု ရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ကောင်းမွန်သော တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် အမြဲတမ်းဆန်းသစ်နေအောင် ပူးပေါင်းဆောင်ရွက်အားပေးမြှင့်တင် သွားကြရန် ဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ရည်မှန်းချက်လုပ်ငန်းတာဝန်(၈)ရပ် ချမှတ်ပေးထားကြောင်း၊ အဆိုပါ ရည်မှန်းချက်လုပ်ငန်းတာဝန်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယနေ့ အခမ်းအနားတွင် ထူးချွန်ဆုရရှိသူများ အနေဖြင့် ပိုမိုထူးချွန်အောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဝန်ထမ်းအားလုံး ကောင်းသောယှဉ်ပြိုင်မှုဖြင့် ပိုမိုထူးချွန်ထက်မြက်အောင် အားထုတ်ဆောင်ရွက် သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် (၂/၂၀၀၇)ထူးချွန်ဆုတံဆိပ်ရရှိကြသော ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ဒုတိယဆင့်)ရ ဂီတပညာရှင်များ ဖြစ်ကြသည့် ဦးမောင်မော်လတ်၊ ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်၊ ဦးစိန်လှမြိုင်နှင့် ဒေါ်တင်တင်မြ တို့အားလည်းကောင်း၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရ ကျွမ်းကျင်သူ ဦးသိန်းဟန်အားလည်းကောင်း၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်)ရ ဂီတပညာရှင်များဖြစ်ကြသည့် ဒေါ်ကြည်ကြည်(ခ) ဒေါ်ဟသ်ာကြည်နှင့် ဦးသိန်းဆောင်တို့အားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံတော်က ဖွင့်လှစ်သည့် သင်တန်းများနှင့် ကျင်းပသော ပြိုင်ပွဲများဖြစ်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အခြေခံဝန်ထမ်းလောင်း(အငယ်တန်း)သင်တန်းအမှတ်စဉ်(၃၂)တွင် သင်တန်းသူ ဒုတိယဆုရ အသံလွှင့်ဌာနခွဲမှ အသံလွှင့်ကျွမ်းကျင်(၂) ဒေါ်တင်တင်မြတ်၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ပညာရှင်အဆင့် ဓောင်းအတီးပြိုင်ပွဲတွင် တတိယဆုရ အသံလွှင့်ဌာနခွဲမှ အနုပညာရှင်(၂)ဦးချမ်းသာ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးဖွင့်လှစ်သော အခမ်းအနားမှူး သင်တန်းအမှတ်စဉ် (၁/၂၀၀၆)တွင် ပထမဆုရ ရုပ်မြင်သံကြားဌာနခွဲမှ ရုပ်သံကျွမ်းကျင်(၁) ဒေါ်ခင်နန်းယုထွေးနှင့် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ဘွဲ့လွန်အနုပညာသင်တန်းတွင် ဂုဏ်ထူး ငါးဘာသာဖြင့် ဘွဲ့လွန်အနုပညာ ထူးချွန်ဆုရ အသံလွှင့်ဌာနခွဲမှ အနုပညာရှင်(၁) ဒေါ်ခိုင်ဝါတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဌာနခွဲအလိုက် စွမ်းဆောင်ဆုများရရှိကြသည့် အသံလွှင့်ဌာနခွဲ၊ ရုပ်မြင်ဌာနခွဲ၊ MRTV-3၊ MRTV-4၊ စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေး ဌာနခွဲတို့မှ ထူးချွန်ဆုရ ဝန်ထမ်းများအား လည်းကောင်း၊ ဝန်ထမ်းဝတ်စုံစရိတ်များကို သက်ဆိုင်ရာ ဌာနခွဲမှ တာဝန်ရှိသူများအား လည်းကောင်း၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရ ဝန်ထမ်း မိသားစုများအား လည်းကောင်း၊ (၆၁)နှစ်မြောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်ပတ်လည် ဂုဏ်ပြု အစီအစဉ်တွင် "ရသစုံလင် ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ်" ဖြင့် အကောင်းဆုံးတင်ဆက်နိုင်သည့် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများအားလည်းကောင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ထူးချွန်ဆုရရှိကြသူများ၏ကိုယ်စား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့ဝင် ဂီတနှင့် စာပေပညာရှင် ဦးမောင်မောင်လတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် ဂီတပညာရှင်များနှင့် ဧည့်သည်တော်များအား နှစ်ပတ်လည်အထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ဌာနခွဲအလိုက် စွမ်းဆောင်ဆုရရှိသည့် ဌာနခွဲတစ်ခုအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက်၌ ဓမ္မဂီရိဝိပဿနာ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၉

စစ်ကိုင်းတိုင်း ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက်ဆရာတော် ဦးဓမ္မပါလ၏စီစဉ်မှုဖြင့် ဦးဂိုအင်ကာက ဓမ္မဂီရိဝိပဿနာ တရားစခန်းပွဲကို တန်ခူးလဆန်း ၆ရက်မှ လပြည့်ကျော် ၁ရက်အထိ (မတ် ၂၃ရက်မှ ဧပြီ ၂ရက်အထိ) အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၃-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၅ ၉။ ချင်းပြည်နယ်ရဲ့အလှတစ်ပါး ဗားရိတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သချ်ာအထူးပြု) [သချ်ာ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၁၀ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၂၀ ၇။ **"စည်းကမ်းလိုက်နာ အေးကင်းကွာ"** (လူကူးမျဉ်းကျားမှကူးမယ်)
- ၁၇:၂၅ ၈။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ (၂၀၀၆ခုနှစ်)
- ၁၇:၃၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇:၅၅ ၁၀။ **"ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ"** ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၀ ၁၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၁၉:၀၀ ၁၅။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၅)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၃၃)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မိုးလေဝသအခြေအနေ

၂၀-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

20-3 (06) 1 3/20/07, 2:40 PM

ဘွဲ့ဆက်ကပ်

မတ် ၁၈ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၏ ဓူဌဘွဲ့နှင်းသဘင် အခမ်းအနားကို မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က စာအောင်သံဃာတော် တစ်ပါးအား အောင်လက်မှတ်နှင့် ဘွဲ့ဆက်ကပ်စဉ်။ (က-ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရထားစက်ခေါင်းသစ် တည်ဆောက်မှုမှတ်တမ်းထားရှိ အတွေ့အကြုံများသင်ခန်းစာယူ၍ ထုတ်လုပ်မှုတိုးတက်ရန်ဆောင်ရွက်

ရန်ကုန် မတ် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မတ် ၁၇ရက် နံနက် ၇ နာရီ၄၅မိနစ်က မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)သို့ရောက်ရှိပြီး စက်ခေါင်းသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးသည် ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်နှင့်အတူ အထွေထွေမန်နေဂျာ(စက်ရုံ) ဦးစောဗယ်လင်တိုင်းနှင့် အရာထမ်းများအား စက်ရုံအစည်းအဝေးခန်းမ၌ တွေ့ဆုံရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ပေးရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့မီးရထား အနေဖြင့်လည်း အစွမ်းကုန် ကြိုးပမ်းထမ်းဆောင်ပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုကို အရေအတွက်ရော၊ အရည်အချင်းပါ မြှင့်တင်ပေးရမည်ဖြစ်ရာ အင်းစိန်စက်ရုံသည် လက်ရှိစက်ခေါင်းမွမ်းမံပြင်ဆင်မှု လုပ်ငန်းသာမက စက်ခေါင်းတည်ဆောက်ရေးကဏ္ဍသစ်တစ်ရပ်ကိုပါ တိုးချဲ့ဆောင်ရွက်လျက် သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အစပျိုးဆောင်ရွက်ပြီး တစ်နှစ်ထက် တစ်နှစ်တိုးချဲ့ ထုတ်လုပ်ရာတွင် အရည်အသွေးကိုပါ ဂရုပြုသွားပြီး အစဉ်ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

အသေးစိတ်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် အသစ်ဆောက်လုပ်ပြီးစီးသော စက်ခေါင်းကို စက်ရုံအတွင်း၌ စမ်းသပ်မောင်းနှင်သည်ကို စီးနင်းကြည့်ရှုခြင်း၊ စက်ခေါင်းအင်ဂျင်ခန်းနှင့် လျှပ်စစ်ထိန်းချုပ်မှု အစိတ်အပိုင်း၊ အရန်စက်ငယ်ပိုင်းတို့ကို အသေးစိတ် ကြည့်ရှုပြီး စက်ခေါင်းသစ် တည်ဆောက်မှုမှတ်တမ်းများ ထားရှိရေး၊ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ထုတ်လုပ်မှု တိုးတက်စေရန် ဆောင်ရွက်

ရေး၊ ခြိုးခြံချွေတာရေးနှင့် ဝန်ဆောင်မှုကောင်းမွန်ရေးတို့ကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် မြို့ပတ် ဒီဇယ်စက်ရုံသို့ သွားရောက်ပြီး မကြာမီ ဖွင့်လှစ်မည့် နေပြည်တော်-မော်လမြိုင် ရထားလမ်းပိုင်းတွင် အသုံးပြုမည့် ရထားတွဲဆိုင်းများကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)**လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၇ ရက်တွင် နေပြည်တော်နှင့် ပျဉ်းမနားမြို့ရှိ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနသို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က စာမေးပွဲလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြုစုစောင့်ရှောက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ စာဖြေခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာမေးပွဲဖြေဆိုလျက်ရှိကြသည့်ကျောင်းသားကျောင်းသူများစိတ်လက်ကြည်သာစွာဖြေဆိုရေး၊စနစ်တကျဖြင့် စည်းကမ်းတကျ ဖြေဆိုနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ စာမေးပွဲဖြေဆိုနေစဉ်အတွင်း အရေးပေါ်နာမကျန်း ဖြစ်လာသည့် ကျောင်းသားကျောင်းသူများအား အပြည့်အဝ ပြုစုစောင့်ရှောက်ပေးရန်တို့ကို မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းစာဖြေဌာနများသို့ သွားရောက်ပြီး စာမေးပွဲဖြေဆိုနေကြသည့်ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် တတိယအကြိမ်မြောက် လူငယ်များယဉ်ကျေးမှုသင်တန်းတရားစခန်းကို မတ် ၂၉ရက်မှ ဧပြီ ၇ရက်အထိ လည်းကောင်း၊ (၂၁)ကြိမ်မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၀ ရက်မှ ၂၅ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ ဝိပဿနာတရားများကိုခံယူလျက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာမှ ဆရာတော်များဖြစ်ကြသည့် ဦးပညာဇောတ (ဓမ္မာစရိယ)နှင့် ဦးဓမ္မလင်္ကာရ(ဓမ္မာစရိယ)တို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။

လှူဒါန်းနိုင်

လူငယ် တရားစခန်းဝင်လိုသူများသည် မတ် ၂၈ရက် နောက်ဆုံးထား၍ လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသူများသည် ဧပြီ ၉ရက် နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများ လှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာ(၃)ရပ်ကွက် ကလောမြို့ ဖုန်း-၀၈၁-၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် (၅)ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု(နုရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း (ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ်(၁)ရပ်ကွက် အောင်ပန်းမြို့နှင့် ဦးမောင်မောင် (မိုးမိတ္တူ)(၁)ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စင်ကာပူ ပါမောက္ခနှင့်အဖွဲ့ လာရောက်လေ့လာ

ရန်ကုန် မတ် ၁၉

Singapore Volunteers Overseas Programme-the Sunbird Child Development Centre မှ Professor Dr. Khoo Kim Choo နှင့် အဖွဲ့ဝင် နှစ်ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ယနေ့နံနက် ၁၁နာရီတွင်ရောက်ရှိကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ကြိုဆိုကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပညာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဧည့်သည်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်း၌ မူကြိုကလေးငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုကြပြီး ကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်တရလက်ဆောင်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက စင်ကာပူ ပါမောက္ခအား အမှတ်တရ လက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

အပူချိန်

၁၉-၃-၂၀၀၇

နေပြည်တော်	၃၈	ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနားအံသံတွဲ	၃၃	ဒီဂရီစင်တီဂရိတ်
ကျိုင်းတုံ၊ကသာ	၃၅	ဒီဂရီစင်တီဂရိတ်
မန္တလေး၊ ထားဝယ်	၃၅	ဒီဂရီစင်တီဂရိတ်
ရေးမြို့	၃၆	ဒီဂရီစင်တီဂရိတ်
မကွေး	၃၈	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၈	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သရက်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက် ဘိလပ်မြေစက်ရုံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ တိုင်းပြည်အေးချမ်းသာယာအောင် ကြိုးပမ်းလျက်ရှိ ပြည်သူများ လူနေမှုဘဝမြင့်မားအောင်၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် နေ့ညမနားဘဲ ဖြည့်ဆည်းဆောင်ရွက်နေ

● *ကျော်ဖုံးမှ*

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်း၏ မြေသယံဇာတ၊ ရေသယံဇာတ၊ ၂၀၀၆ ခုနှစ်အတွင်း မိုးရွာသွန်းမှု၊ နှစ်စဉ်စိုက်ဧကများ တိုးတက်လာမှု၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားမှုများ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှု၊ သီးနှံစုစုပေါင်း စိုက်ဧကများ တိုးတက်လာမှု၊ ဒေသအလိုက် ဝမ်းစာဖူလုံမှု၊ ဆီဖူလုံမှု၊ ပဲဖူလုံမှု၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူများ ဆက်လက်ပျိုးထောင်ထားမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ စက်မှုဇုန်များ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ဆိုင်ရာ အခြေအနေများ၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက်လာမှုများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ဘိလပ်မြေစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကိုဖြည့်ဆည်းပေးရန် နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ မိမိတို့အဖွဲ့ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရင်း မကွေးမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ စက်ရုံများနည်းတူ မကွေးတိုင်းအတွင်းရှိ တည်ဆောက်ပြီးရေလှောင်တမံများ၊ တည်ဆောက်ဆဲ ရေလှောင်တမံများကိုလည်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း။

မကွေးမြို့သို့ရောက်ရှိခိုက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဆုံတွေ့ရခိုက်တွင် နိုင်ငံတော်နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားလိုကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေမှာ တည်ငြိမ်မှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုများ အပြည့်အဝဖြစ်ထွန်းနေသော်လည်း မိမိတို့၏ တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ပမီဒီယာများအသုံးချပြီး မိမိတို့နိုင်ငံ၌ လုံခြုံမှုမရှိသယောင်၊ တည်ငြိမ်အေးချမ်းမှုမရှိသယောင် မဟုတ်မမှန် လုပ်ကြံ ထုတ်လွှင့်လျက်ရှိကြောင်း၊ ပကတိလက်တွေ့အခြေအနေမှာမူ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

ဤကဲ့သို့ နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့် ပကတိအခြေအနေမှန်များကို မျက်ကွယ်ပြု၍ နိုင်ငံကြီးအချို့က မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်း လုံခြုံရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်ကြောင်း စွပ်စွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ကန့်ကွက်ပယ်ချခဲ့မှုကြောင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် လုပ်ရပ်အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခဲ့ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအား အရေးယူနိုင်ရေးအတွက် ၎င်းတို့အနေဖြင့် လက်လျှော့သွားမည်မဟုတ်ဘဲ နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်ကြိုးပမ်းနေကြဦးမည်သာ ဖြစ်ကြောင်း။

ဖန်တီးလုပ်ဆောင်

မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်၊ အတင်းအကျပ်လုပ်အားစေခိုင်းမှုများရှိသည်၊ အရွယ်မရောက်သေးသူများအား စစ်မှုထမ်းစေမှုများရှိသည် စသည့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများပြုလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်၊ ၎င်းတို့ သြဇာခံမည့်သူများ အာဏာရရှိစေရန်၊ ပြည်သူများအတွင်း စိုးရိမ်ကြောင့်ကြမှုများဖြစ်ပေါ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဤကဲ့သို့သော မဟုတ်မမှန်သည့် စွပ်စွဲမှုမျိုးစုံကို ဖန်တီးလုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ဘဲ တိုင်းပြည်အေးချမ်းသာယာအောင်၊ ပြည်သူများ လူနေမှုဘဝမြင့်မားအောင်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များဖြင့် နေ့ညမနားဘဲ ကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေမှာ တည်ငြိမ်မှု၊ လုံခြုံမှု၊ တရားဥပဒေ စိုးမိုးမှုများ အပြည့်အဝဖြစ်ထွန်းနေသော်လည်း မိမိတို့၏ တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများကို မနာလိုမရှုဆိတ်သည့်ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ပမီဒီယာများအသုံးချပြီး မိမိတို့နိုင်ငံ၌ လုံခြုံမှုမရှိသယောင်၊ တည်ငြိမ်အေးချမ်းမှုမရှိသယောင် မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်လျက်ရှိ၊ ပကတိ လက်တွေ့ အခြေအနေမှာမူ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းနေသည်ကို တွေ့ရှိရမှာဖြစ်။

ရရှိလာ

နိုင်ငံတော်အစိုးရနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ကလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကာလတိုစီးပွားရေး စီမံကိန်းများကို စနစ်တကျ ချမှတ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးသည် နှစ်စဉ် မှန်မှန်တိုးတက်လျက်ရှိကြောင်း၊ ပြည်သူတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာလည်း မိမိတို့တာဝန်မယူမီက ကျပ်ထောင်ဂဏန်းသာရှိရာမှ ယခုအခါ ကျပ် ၂၂၀၀၀၀ ကျော်ထိ ရရှိလာပြီဖြစ်ကြောင်း။

အထောက်အကူပြု

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ကြောင်း၊ စက်မှုမထွန်းကားသေးသမျှ၊ စက်မှုနိုင်ငံ မဖြစ်သေးသမျှ စိုက်ပျိုးရေးကိုပင် အခြေခံထား၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဝန်ထမ်းများက အားပေးကူညီသွားကြရမှာဖြစ်ကြောင်း၊ ဝန်ထမ်းများ၊ ပြည်သူများကလည်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုရမှာဖြစ်ကြောင်း။

ကြည့်ရှုစစ်ဆေး

စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံတော်ကြီးဟန်ချက်ညီညီ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိရေး စီမံကိန်းကြီးများကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလည်း တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်အောင်လည်း မိမိတို့ လှည့်လည်ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ပြည့်ပြည့်ဝဝအသုံးချပြီး ကြိုးကြိုးစားစား အလုပ်လုပ်သွားကြမည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ဦးချင်း၏ လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြား

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုကြောင်း၊ ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ပညာရေးကဏ္ဍ အခွင့်အလမ်းကောင်းများကို ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်အောင် အစဉ်အမြဲ လေ့လာဆည်းပူးနေရန် လိုအပ်သကဲ့သို့ မိမိတို့၏ တပည့်များကိုလည်း နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြား ပျိုးထောင်ပေးသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးသာမက ကျန်းမာရေးအပိုင်းတွင်လည်း ပြည်သူများ ကျန်းကျန်းမာမာ အသက်ရှည်ရှည်နေနိုင်ရေးအတွက် ကျေးလက်ဒေသများအပါအဝင် ဒေသအသီးသီး၌ ဆေးပေးခန်းများ၊ ဆေးရုံများ၊ အထူးကုဆေးရုံကြီးများကို တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ ဆရာမများ၊ အထူးကုသမားတော်ကြီးများကိုလည်း ခန့်ထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူများအား ရောဂါဖြစ်ပွားလာမှ ပျောက်ကင်းအောင် ကုသပေးရုံမျှသာမက ရောဂါမဖြစ်ပွားရေးအတွက်လည်း ကြိုတင်ကာကွယ်ရေး၊ ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ကျေးလက်ဒေသများအပါအဝင် ဒေသအသီးသီး၌ ဆေးပေးခန်းများ၊ အထူးကုဆေးရုံကြီးများ တည်ဆောက်ပေးထားပြီးဖြစ် ကျန်းမာရေးဝန်ထမ်းများက ရောဂါကုသပေးရုံသာမက ကာကွယ်ရေးလုပ်ငန်းများပါ ထိထိရောက်ရောက်ဆောင်ရွက်ပေး

ထို့ပြင် နိုင်ငံတော်၏ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေရှိမည့် အုပ်ချုပ်ရေးအဖွဲ့များကိုလည်း စနစ်တကျပြင်ဆင်ဖွဲ့စည်းတာဝန်ပေးလျက်ရှိကြောင်း၊ ပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် လူမှုစီးပွားရေးဘဝမြင့်မားလာအောင် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် သိက္ခာသမာဓိရှိရှိ၊ ကိုယ်ကျင့်တရားကောင်းကောင်းဖြင့် မိမိတို့လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ၊ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ပြည်သူများအား အနိုင်အထက်ပြုမှုများကို ရှောင်ရှားပြီး ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် သရက်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက် ဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင် ထာဝစဉ်ကြိုးပမ်းနေကြရမှာဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ထို့ပြင် မိမိတို့ မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားအားလုံး ထွေးရောယှက်တင် အတူတကွ စုပေါင်းနေထိုင်လျက်ရှိနေကြကြောင်း၊ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် ထာဝစဉ် ခိုင်ခိုင်မြဲမြဲရပ်တည်သွားနိုင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကြံခင်းမြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း ကြံခင်း ဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရအောင် တိုင်းရင်းသားအားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် သရက်မြို့ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သရက် ဘိလပ်မြေစက်ရုံသို့ ရောက်ရှိကြရာ ဧည့်ရိပ်သာ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက သရက် ဘိလပ်မြေစက်ရုံ၏ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား၊ စက်ရုံလည်ပတ်ရေးအတွက် မီးထိုးဆီ၊ လိုအပ်ချက်များ၊ နှစ်အလိုက် ဘိလပ်မြေထုတ်လုပ်နိုင်မှုများ၊ စီမံကိန်းကြီးများသို့ ဘိလပ်မြေ ပံ့ပိုးဖြည့်ဆည်းပေးမှုများ၊ ဘိလပ်မြေထုတ်လုပ်မှု ကုန်ကျစရိတ်များနှင့် ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံသက်တမ်း၊ စက်စွမ်းအားပြည့်ဖြင့် ဘိလပ်မြေထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ထားမှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က သရက် ဘိလပ်မြေစက်ရုံမှာ သက်တမ်းကြာပြီဖြစ်သော်လည်း ဝန်ထမ်းများ၏ မွမ်းမံ ထိန်းသိမ်းနိုင်မှုများကြောင့် ထုတ်လုပ်မှုအားကောင်းဆဲဖြစ်ကြောင်း၊ စက်စွမ်းအားပြည့် ကုန်ထုတ်နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း၊ မကုန်ကျသင့်သည်များ မကုန်ကျစေဘဲ ခြိုးခြံချွေတာ ဆောင်ရွက်ကြရန်၊ အလေအလွင့် အဆုံးအရှုံးမရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြီးကြပ်ကွပ်ကဲသွားကြရန်လိုကြောင်း မှာကြားသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံ၌ ပြန်လည်တပ်ဆင်သွားမည့် Gas Burner ကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဓာတ်မြေသြဇာစက်ရုံ

သရက် ဘိလပ်မြေစက်ရုံ၌ မီးသင်းဖို သုံးလုံးရှိပြီး တစ်ရက်လျှင် စက်အမှတ်(၁)မှာ တန် ၄၀၀၊ စက်အမှတ်(၂)မှာ တန် ၄၀၀၊ စက်အမှတ်(၃)မှာ တန် ၃၀၀ ကုန်ထုတ်စွမ်းအားရှိသည်။

မွမ်းမံပြီးစီးမှု

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အောင်လံမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ၁၉၈၅ ခုနှစ်တွင် ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)ကို တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ တစ်ရက်လျှင် ဓာတ်မြေသြဇာ မက်ထရစ်တန် ၆၀၀ ထုတ်လုပ်နိုင်သည့် စက်စွမ်းအားရှိမှု၊ ဝန်ထမ်းအင်အား၊ စက်ရုံ၏ Design Capacity၊ လက်ရှိဓာတ်မြေသြဇာထုတ်လုပ်နေမှု၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းများ ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ဓာတ်မြေသြဇာထုတ်လုပ်နေမှုများ၊ ဖြန့်ဖြူးရန် စနစ်တကျ သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်း ဘိလပ်မြေစက်ရုံသို့ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြံခင်းဘိလပ်မြေစက်ရုံ

ထို့နောက် ဧည့်ရိပ်သာ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ကြံခင်း ဘိလပ်မြေစက်ရုံ တည်ဆောက်ခဲ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားနှင့် ဒီဇယ်ဆီ လိုအပ်ချက်များနှင့် နှစ်အလိုက် ဘိလပ်မြေထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ကြံခင်း ဘိလပ်မြေစက်ရုံအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထုတ်လုပ်မှုစွမ်းအားမြင့်မား

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဘိလပ်မြေစက်ရုံများအနက် ကြံခင်းဘိလပ်မြေစက်ရုံသည် ဘိလပ်မြေအများဆုံးထုတ်လုပ်ပေးနေသည့် စက်ရုံဖြစ်ကြောင်း၊ ထုတ်လုပ်မှုစွမ်းအားမြင့်မားသကဲ့သို့ ဘိလပ်မြေများ၏ အရည်အသွေးမှာလည်း ကောင်းမွန်ပါကြောင်း၊ ဝန်ထမ်းများမှာလည်း အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုလည်း ရှိကြပါကြောင်း၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အား စသည့်လိုအပ်ချက်များ ပိုမိုဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားလာမည့် စက်ရုံဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စက်ရုံအတွက် ကုန်ကြမ်းအဆက်မပြတ်ရရှိရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ကုန်ကြမ်း ကြိတ်စက်နှင့် ကုန်ချောကြိတ်စက်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံ၌ လိုအပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများ တီထွင်ထုတ်လုပ်ထားမှုများကိုလည်းကောင်း၊ စက်ရုံကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

တိုးချဲ့တည်ဆောက်

ကြံခင်း ဘိလပ်မြေစက်ရုံ၌ တစ်နေ့လျှင် တန် ၄၀၀ ကျ ဘိလပ်မြေစက် နှစ်စက်ကို ၁၉၇၅-၁၉၇၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ထပ်မံ၍ တန် ၄၀၀ ကျ ဘိလပ်မြေစက် နှစ်စက်ကို တိုးချဲ့တည်ဆောက်ခဲ့ရာ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြံခင်း ဘိလပ်မြေစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံတော်ကြီး ဟန်ချက်ညီညီ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကိုဖြည့်ဆည်းပေးလျက်ရှိ၊ စိုက်ပျိုးရေရရှိရေး စီမံကိန်းကြီးများကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့၊ ယခုလည်း တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံများ စွမ်းအားပြည့် ထုတ်လုပ်နိုင်အောင်လည်း မိမိတို့ လှည့်လည်ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးလျက်ရှိ။

လေးဖက်နာနှင့် လေးဖက်နာ နှလုံးရောဂါ

ပါမောက္ခ ဒေါ်ခင်မေစန်း

လေးဖက်နာနှင့် လေးဖက်နာ နှလုံးရောဂါတို့သည် ယခုမျက်မှောက်ခေတ်တွင် ကမ္ဘာပေါ်၌ အရေးကြီးသော ကျန်းမာရေးပြဿနာများ ဖြစ်နေသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း စက်မှုနိုင်ငံများတွင် ဤရောဂါများ ဖြစ်နှုန်းလျော့ကျလာသည်ဟု တွေ့ရှိရသော်လည်း ယခု (၂၁)ရာစုအစပိုင်းတွင် ဤရောဂါများသည် စက်မှုထွန်းကားနေသည့် နိုင်ငံများ၌ စက်မှုမထွန်းကားသေးသည့် နိုင်ငံများနည်းတူ ကျန်းမာရေး ပြဿနာများ ဖြစ်နေဆဲဖြစ်သည်။ ဤရောဂါများ၏ အဆိုးရွားဆုံး ဒဏ်ကို ကလေးသူငယ်များနှင့် လူငယ်၊ လူလတ်ပိုင်းတို့က ခံရတတ်သည်။

လေးဖက်နာနှင့် လေးဖက်နာ နှလုံးရောဂါတို့သည် Group A streptococcus (ခေါ်)ဘက်တီးရီးယားပိုးက လည်ချောင်းနာရောဂါဖြစ်စေခြင်းမှ စတင်သည်။ ဤပိုးသည် လည်ချောင်းနာစေပြီး အရေပြားပေါ်တွင် အနာစက်များ ဖြစ်စေသော်လည်း လည်ချောင်းနာရောဂါမှသာ နောက်ဆက်တွဲ လေးဖက်နာရောဂါဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ ငါးနှစ်မှ ၁၅နှစ်အရွယ်ရှိ ကလေးသူငယ်များ၌ လည်ချောင်းနာ အဖြစ်များဆုံးဖြစ်သည်။ သို့ရာတွင် လည်ချောင်းနာတိုင်း Group A streptococcus ပိုးကြောင့် မဟုတ်ပါ။ လည်ချောင်းနာသူများ၏ (၁၅-၂၀) ရာခိုင်နှုန်းသည် Group A streptococcus ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းမှာ ဗိုင်းရပ်စ် (Virus) ပိုးကြောင့် ဖြစ်သည်။ Group A streptococcus ဘက်တီးရီးယားပိုးကို မည်သည့် ရောဂါလက္ခဏာမျှ မရှိဘဲ မကြာခဏ တွေ့ရတတ်သည်။ ကမ္ဘာအနှံ့အပြား ပြုလုပ်သော သုတေသနများအရ ကျန်းမာနေသော(၆-၁၀နှစ်)အရွယ် ကျောင်းသားများတွင် ဤဘက်တီးရီးယားပိုးရှိခဲ့သည့် အထောက်အထားဖြစ်သည့် သွေးတွင်း ASOသည် (၁၅-၇၀) ရာခိုင်နှုန်းတွင် များနေသည်ကို တွေ့ရှိရသည့်အပြင် (၁၀-၅၀) ရာခိုင်နှုန်းတွင် လည်ချောင်းတွင်းမှ ဤဘက်တီးရီးယားပိုးကို မွေးထုတ်၍ရသည်။ ဤသို့ ဘက်တီးရီးယားပိုးကို မွေးထုတ်၍ရလျှင် လတ်တလော လည်ချောင်းရောင်ဖြစ်နေ၍သော်လည်းကောင်း၊ ရောဂါမဖြစ်စေဘဲ ပိုးတွယ်ကပ်နေ၍သော်လည်းကောင်း ဖြစ်နိုင်သည်။ ပိုးတွယ်ကပ်ရုံမျှနှင့် လေးဖက်နာရောဂါ မဖြစ်ပါ။ ASO မြင့်နေမှသာလျှင် လတ်တလော လည်ချောင်းရောင်ရောဂါဖြစ်ခဲ့သည်ဟု ဆိုနိုင်ပြီး နောက်ဆက်တွဲ လေးဖက်နာရောဂါ ဖြစ်စေနိုင်သည်။

၁၉၉၄ခုနှစ်၏ စာရင်းများအရ ကမ္ဘာပေါ်တွင် လေးဖက်နာရောဂါရှိသူ စုစုပေါင်း ၁၂သန်းရှိပြီး သုံးသန်းမှာ နှလုံးရောဂါကြောင့် မကြာခဏ ဆေးရုံတက်ကြရသည်။ ငါးနှစ်မှ ၁၀နှစ်အတွင်း နှလုံးရောဂါလူနာ အမြောက်အမြားသည် အဆို့ရှင်များ ခွဲစိတ်ကုသရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်၌ သက္ကရာဇ် ၂၀၀၀တွင် လေးဖက်နာနှလုံးရောဂါကြောင့် သေဆုံးမှုမှာ ၃၃၂၀၀၀ ဖြစ်သည်။ အမေရိကတိုက်များတွင် လေးဖက်နာနှလုံးရောဂါကြောင့် သေဆုံးမှုမှာ လူဦးရေ တစ်သိန်းတွင် ၁ ဒသမ ၈ ဖြစ်ပြီး အရှေ့တောင်အာရှတွင် ၇ ဒသမ ၆ ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၁၉၅၀ပြည့်နှစ်မှစ၍ လေးဖက်နာရောဂါအဖြစ် နည်းလာသည်ကို တွေ့ရှိရပြီး မျက်မှောက်ခေတ်တွင် လူဦးရေ တစ်သိန်း၌ တစ်ယောက်သာလျှင် ဤရောဂါဖြစ်နေသည်ကို တွေ့ရသည်။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်အခြေအနေများက ရောဂါဖြစ်နှုန်းများကို ကွာခြားစေသည်။

လေးဖက်နာရောဂါသည် Group A streptococcus ဘက်တီးရီးယားပိုးကို လူနာ၏ခန္ဓာကိုယ်က တုံ့ပြန်တိုက်ခိုက်မှု ပြင်းထန်သောကြောင့် ဖြစ်သည်။ ဤဘက်တီးရီးယားပိုးကြောင့်လည်း အရေပြားပေါ်တွင် အနာစက်များ ဖြစ်တတ်ပြီး ကျောက်ကပ်ရောင်တတ်သည်။ Group A streptococcus ဘက်တီးရီးယားပိုးကြောင့် လည်ချောင်းနာသူများ၏ ဝ ဒသမ ၃- ၃ ရာခိုင်နှုန်း သာလျှင် လေးဖက်နာရောဂါဖြစ်သည်။ ဗီဇ၊ ပတ်ဝန်းကျင် အခြေအနေများနှင့် ချက်ချင်း ဆေးကုသမှုခံယူနိုင်သည့် အခွင့်အရေး စသည့်အချက်များပေါ်တွင် မူတည်သည်။

လေးဖက်နာရောဂါ – ဖြစ်နေသည်ကို အောက်ပါလက္ခဏာများဖြင့် သိနိုင်သည်။

လက္ခဏာကြီးများ

(၁) အဆစ်ရောင်ခြင်းသည် လေးဖက်နာ၏ အဆောလျင်ဆုံး၊ အဖြစ်အများဆုံး (၇၅ ရာခိုင်နှုန်း)နှင့် တစ်ခုတည်းသော လက္ခဏာကြီး ဖြစ်တတ်သည်။ ကလေးလူကြီး အရွယ်မရွေး ဖြစ်ပြီး အဆစ်ကြီးများ (အထူးသဖြင့် ဒူးနှင့် ခြေချင်းဝတ်) အလှည့်ကျ ရောင်ရမ်းကာ အထိမခံနိုင်လောက်အောင် နာကျင်ကိုက်ခဲစေသည်။ ရံဖန်ရံခါ အဆစ်ကြီးတစ်ခု သို့မဟုတ် အဆစ်ငယ်များကို မရောင်ရမ်းစေဘဲ ကိုက်ခဲစေသည်၊

(၂) နှလုံးရောင်ခြင်း၊

(၃) ဦးနှောက်ရောင်၍ ခြေလက်လှုပ်ရှားမှု မထိန်းသိမ်းနိုင်ခြင်း၊

(၄) အရေပြားပေါ်တွင် အနီရောင်ဖောင်းကြွ အင်ပြင်ထွက်ခြင်း၊

(၅) အရေပြားအောက်တွင် ဖုသီးများထွက်ပေါ်ခြင်း။

လက္ခဏာငယ်များ

(၁) ဖျားခြင်း၊ ဗိုက်နာခြင်း၊ နှာခေါင်းသွေးယိုခြင်း၊

(၂) အဆစ်များနာခြင်း၊

(၃) သွေးတွင်း ESR (ခေါ်) သွေးအနည်ထိုင်မှုနှုန်းနှင့် သွေးဖြူဥများခြင်း၊

(၄) အီးစီဂျီတွင် နှလုံးရောင်သည့် လက္ခဏာတွေ့ခြင်း။

Streptococcus ဘက်တီးရီးယားပိုးရှိခြင်း အထောက်အထားများမှာ–

(၁) ASO များခြင်း– ASO ကို သုံးပတ်မှ လေးပတ်ခြား၍ စစ်ဆေးသည်တွင် အနည်းဆုံးတစ်ကြိမ်၌ မြင့်နေရမည်။

(၂) လည်ချောင်းမှ ဘက်တီးရီးယားပိုး ပေါက်ခြင်းတို့ဖြစ်ကြသည်။

လေးဖက်နာရောဂါဟု အမည်တပ်ရန် အထက်ပါ လက္ခဏာကြီး နှစ်ခုသော်လည်းကောင်း၊ လက္ခဏာကြီး တစ်ခုနှင့် လက္ခဏာငယ် နှစ်ခုသော်လည်းကောင်းရှိပြီး ဘက်တီးရီးယားပိုးရှိကြောင်း အထောက်အထား တစ်ခုလိုပါသည်။

အဆစ်ရောင်လေးဖက်နာရောဂါ

အဆစ်ရောင် လေးဖက်နာရောဂါသည် မည်သည့် အသက်အရွယ်၌မဆို အဖြစ်အများဆုံး ၇၅ရာခိုင်နှုန်းဖြစ်သည်။ အဆစ်ကြီးများတွင် တစ်လှည့်စီ ရောင်ရမ်းကိုက်ခဲမှု ရှိတတ်သော်လည်း ရံဖန်ရံခါ အဆစ်ငယ်ကလေးများ နာကျင်ရုံမျှ ဖြစ်တတ်သည်။ အဆစ်ကြီးတစ်ခုတည်းလည်း ရောင်ရမ်းတတ်သည်။ အဆစ်ငယ်များနှင့် အဆစ်တစ်ခုတည်းသာ နာကျင်ပါက လေးဖက်နာမဟုတ်ဘဲ အခြားသော အဆစ်ရောင်ရောဂါများ ဖြစ်သည်က များသည်။ ထို့ကြောင့် ဓာတ်ခွဲခန်း သွေးစစ်ချက် အထောက်အထားများ လိုအပ်မည် ဖြစ်သည်။

လေးဖက်နာရောဂါတွင် အဆစ်ကိုက်ခြင်းနှင့် နှလုံးရောင်ခြင်းတို့သည် တစ်ချိန်တည်း ပြိုင်တူဖြစ်နိုင်သော်လည်း ပြင်းထန်သော အဆစ်ကိုက်သူများထက် အနည်းငယ်မျှသာ အဆစ်နာသူများ၌ နှလုံးရောဂါပို၍ ဖြစ်နေကြောင်း တွေ့ရသည်။ လေးဖက်နာနှလုံးရောဂါကို အဆစ်ကြီးရောင်သူများ၏ ၁၀ရာခိုင်နှုန်း၊ အဆစ်ငယ်များ နာသူများ၏ ၃၃ရာခိုင်နှုန်းတွင် တွေ့ရှိရပြီး လေးဖက်နာနှလုံးရောဂါ ဖြစ်သူများ၏ ရာခိုင်နှုန်း ၅၀ တွင် အဆစ်နာခြင်း မဖြစ်ခဲ့ကြောင်း တွေ့နေရသည်။

လေးဖက်နာနှလုံးရောင်ခြင်း

နှလုံး၏ အလွှာသုံးလွှာလုံး ရောင်ရမ်းတတ်သည်။ နှလုံးအဆို့ရှင်များရောင်ပြီး မလုံတော့သည့်အတွက် နားကြပ်နှင့် နားထောင်လျှင် ပုံမှန်မဟုတ်သော အသံများကို ကြားနိုင်ပါသည်။ နှလုံး၏ ကြွက်သားများရောင်လျှင် လူနာက ရင်တုန်မောဟိုက်ခြင်းကို ခံစားရပြီး နှလုံးအရွယ်အစား ကြီးလာကာ ကြွက်သားညှစ်အား လျော့လာပါသည်။ နှလုံး၏ အပြင်အကာလွှာရောင်လျှင် လူနာသည် ရင်အောင့်ခြင်းကို ခံစားရပြီး နားကြပ်နှင့်နားထောင်လျှင် နှလုံးခုန်တိုင်း အကာနှင့် ပွတ်တိုက်သည့်အသံကို ကြားရသည်။ ဤသို့ လေးဖက်နာနှလုံးရောင်သည်ကို အီးစီဂျီ၊ ဓာတ်မှန်၊ နှလုံးတယ်လီဗေးရှင်းတို့ဖြင့် သိနိုင်သည်။

ဦးနှောက်ရောင်၍ ခြေလက်လှုပ်ရှားမှု မထိန်းသိမ်းနိုင်ခြင်း

ကလေးများနှင့် အသက်(၂၀)အောက် လူငယ်များတွင် အဖြစ်များသည်။ လေးဖက်နာ နှလုံးရောဂါနှင့်တွဲဖက်၍ ဖြစ်တတ်သည့်အပြင် ကနဦး လည်ချောင်းနာပြီး လအတော်ကြာမှ ပေါ်လာတတ်သဖြင့် သွေးတွင်း ASO မများတတ်ပါ။

အရေပြားအောက်တွင် ဖုသီးများထွက်ပေါ်ခြင်း

လေးဖက်နာရောဂါ ဖြစ်သူများ၏ ၂၀ရာခိုင်နှုန်းတွင် တွေ့ရတတ်သည်။ အရေပြားအောက်၌ မာကျောပြီး ရွှေ့လျားနိုင်သော မနာကျင်သည့် ဖုသီးများသည် ဝဒသမ၅မှ ၂စင်တီမီတာအထိ အရွယ်အစား ရှိတတ်သည်။ အရေပြားပါးသော နေရာများဖြစ်သည့် တံတောင်၊ ဒူး၊ နောက်စေ့နှင့် နောက်ကျောရိုးများ အပေါ်တွင် စမ်း၍ရတတ်သည်။ တစ်ပတ်မှ နှစ်ပတ်အထိသာ တွေ့ရှိတတ်သော်လည်း နှလုံးရောင်ခြင်းနှင့် တွဲဖက်၍ ဖြစ်တတ်သဖြင့် ဤဖုသီးများကို ရှာကြည့်ရန် အရေးကြီးပါသည်။

အရေပြားပေါ်တွင် အနီရောင်ဖောင်းကြွ အင်ပြင်ထွက်ခြင်း

ဤအရေပြားပေါ်တွင် အနီရောင်ဖောင်းကြွ အင်ပြင်ထွက်ခြင်းကို လေးဖက်နာဖြစ်သူများ၏ ၁၅ ရာခိုင်နှုန်းကို တွေ့ရှိရသည်။ ကိုယ်ခန္ဓာပေါ်နှင့် ခြေလက်အရင်းပိုင်းတွင် နီရဲဖောင်းကြွ မနာကျင်၊ မယားယံသော အင်ပြင်များသည် နှလုံးရောင်ခြင်းနှင့် တွဲဖက်၍ တွေ့လေ့မရှိပါ။

လေးဖက်နာရောဂါကုသနည်း

လည်ချောင်းအတွင်းရှိ Streptococcus ပိုးကို နှိမ်နင်းသုတ်သင်ရန်အတွက် ပိုးသတ်ဆေးကို ဆေးရက်ပြည့်အောင် ပေးပြီးသည့်နောက် ထပ်မံ လေးဖက်နာမဖြစ်စေရန် ကာကွယ်ဆေးပေးရမည်။ အကိုက်အခဲပျောက်ဆေးကို လုံလောက်သော ဆေးပမာဏဖြင့် ငါးပတ်မှ ရှစ်ပတ်အထိ တိုက်ကျွေးရမည်။

လေးဖက်နာ နှလုံးရောင်သဖြင့် နှလုံးညှစ်အားနည်းပါက အငန်ရှောင်စေ၍ ဆီးဆေးနှင့် အခြားနှလုံးဆေးများကို လိုအပ်သလို တိုက်ရမည်။

နှလုံးအဆို့ရှင်များ ရောဂါဖြစ်ပါက ခွဲစိတ်ကုသရတတ်သည်။

လေးဖက်နာရောဂါကာကွယ်ခြင်း

(၁) ကနဦး လေးဖက်နာရောဂါ မဖြစ်ရန် ကာကွယ်ခြင်း Streptococcus ပိုးကြောင့် လည်ပင်းနာပါက ပိုးသတ်ဆေး ကျွေး၍ ပိုးကိုသုတ်သင်နိုင်လျှင် လေးဖက်နာ ဖြစ်မလာပါ။

(၂) လေးဖက်နာဖြစ်သည်တွင် နောက်ထပ်မဖြစ်အောင် ကာကွယ်ရန် သုံးပတ်တစ်ကြိမ် ပင်နယ်စလင်ကာကွယ်ဆေးကို ထိုးရမည်။ လေးဖက်နာဖြစ်သော်လည်း နှလုံးရောင်ခြင်းမရှိသူများအတွက် အသက်(၁၈)နှစ်အထိ သို့မဟုတ် နောက်ဆုံးအဆစ်ကိုက် ကင်းဝေးပြီး ငါးနှစ်အထိ ကာကွယ်ဆေးပေးရန် လိုအပ်ပါသည်။ လေးဖက်နာ နှလုံးရောင်သူများအတွက် အသက်(၂၅)နှစ်အထိသော်လည်းကောင်း၊ နောက်ဆုံးလေးဖက်နာဖြစ်ပြီး ၁၀နှစ်အထိ သော်လည်းကောင်း ကာကွယ်ဆေးပေးရမည်။ လေးဖက်နာ အဆို့ရှင်ရောဂါနှင့် ခွဲစိတ်ကုသခံပြီးသော လူနာများသည် တစ်သက်တာလုံး ကာကွယ်ဆေးပေးရန် လိုသည်။

(၃) ပင်နယ်စလင် မတည့်သူများအတွက်မူ Erythromycin နှင့် Sulphonamide များ ပေးနိုင်သည်။

လေးဖက်နာရောဂါသည် မြန်မာနိုင်ငံတွင် ယခင်ကထက် ဖြစ်ပွားနှုန်းလျော့လာသော်လည်း လေးဖက်နာနှလုံးရောဂါ လူနာပမာဏမှာ မနည်းလှပါ။ ငယ်ရွယ်သူကလေးများနှင့် လူရွယ်များတွင် အဓိက ဖြစ်နေသည့်အတွက် လုပ်အားဆုံးရှုံးသည်သာမက ကျန်းမာရေးပြဿနာ တစ်ခုလည်း ဖြစ်နေသည်။ Streptococcus ပိုးကြောင့် လည်ချောင်းနာခြင်းမှ စသည်ကို ခိုင်မာစွာ အထောက်အထားရရှိထားသဖြင့် ကာကွယ်ရန် မခက်လှပါ။ **သန့်ရှင်းသောပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် လည်ချောင်းနာခြင်းကို ကာကွယ်နိုင်**သည်။ **လည်ချောင်းနာ ဖြစ်လာလျှင်လည်း အချိန်မီ လုံလောက်သောပိုးသတ်ဆေးပေးခြင်းဖြင့် နောက်ဆက်တွဲ လေးဖက်နာရောဂါဖြစ်မလာအောင် ကာကွယ်နိုင်သည်။ လေးဖက်နာရောဂါဖြစ်လာသည့်တိုင် လိုအပ်သည့် နှစ်ကာလ အတိုင်းအတာအထိ ကာကွယ်ဆေးပေး၍လည်း ဆိုးရွားသော နောက်ဆက်တွဲ နှလုံးအဆို့ရှင်ရောဂါများကို ကာကွယ်နိုင်**သည်။ ။

သန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် လည်ချောင်းနာခြင်းကို ကာကွယ်နိုင်။ လည်ချောင်းနာ ဖြစ်လာလျှင်လည်း အချိန်မီ လုံလောက်သော ပိုးသတ်ဆေး ပေးခြင်းဖြင့် နောက်ဆက်တွဲ လေးဖက်နာရောဂါ ဖြစ်မလာအောင် ကာကွယ်နိုင်။ လေးဖက်နာရောဂါ ဖြစ်လာသည့်တိုင် လိုအပ်သည့် နှစ်ကာလ အတိုင်းအတာအထိ ကာကွယ်ဆေးပေး၍လည်း ဆိုးရွားသော နောက်ဆက်တွဲ နှလုံးအဆို့ရှင် ရောဂါများကို ကာကွယ်နိုင်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး)တွင် အမှတ်(၂၇) ၇/လွှာ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်နေ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် သား မောင်အောင်ဇော်ဦးအား ရည်စူး၍ ဆရာမ ဒေါ်တင်မြ၊ ဒေါ်ခင်သွဲ့၊ သမီး မချိုနွယ်ဦး၊ မယဉ်မင်းထိုက်နှင့် မြေး မဆုရတနာဦး၊ မနှင်းရတနာထွန်း၊ မမေသီရိပြည့်စုံ၊ မောင်တည်ကြည်မင်းခန့်နိုင်နှင့် မဟန်စုယဉ်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းကို ဘဏ္ဍာရေးမှူး ဦးငွေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၆) ကို မတ် ၁၇ ရက်နံနက် ၁၀ နာရီခွဲက အဆိုပါဆေးရုံကြီး ရာဇဗြိုဟ်ဆောင် အလှူတော်မင်္ဂလာခန်းမ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌဦးမောင်တင်နှင့် အဖွဲ့ဝင်များ၊ ဆေးရုံ အသင်းသားများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

တင်သွင်း

ရှေးဦးစွာ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မောင်**(အပေါ်ပုံ)**က နှစ်ပတ်လည် အစီရင်ခံစာ တင်သွင်း၍ ဘဏ္ဍာရေးမှူး ဦးတင်လှက ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာတင်သွင်းသည်။

အတည်ပြု

ထို့နောက် တက်ရောက်လာသူများက နှစ်ပတ်လည်အစီရင်ခံစာ ငွေစာရင်းရှင်းတမ်းနှင့် ဆေးရုံအသင်းစည်းမျဉ်း ပြင်ဆင်ခြင်းတို့ကို အတည်ပြုကြပြီး ၂၀၀၇ ခုနှစ်အတွက် စာရင်းစစ်ခန့်ထား၍ အစည်းအဝေးကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဒ္ဒန္တဇဝန မထေရ်၏ ဂုဏဝိသိဋ္ဌပူဇာပွဲ ကျင်းပမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့်မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် လေးတောင်ဇရပ်ပြင်ရွာ ဇရပ်ပြင်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇဝန မထေရ်၏ ဂုဏဝိသိဋ္ဌပူဇာနှင့် သက်တော် (၆၀) ပြည့် ဝိဇာတမင်္ဂလာသဘင်ကို ဇရပ်ပြင်ပရိယတ္တိစာသင်တိုက်တွင် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက် (ဧပြီ ၁၁ ရက်)တွင် ကျင်းပမည် ဖြစ်ရာ တပည့် ဒါယကာ၊ ဒါယိကာမများ ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ဖုန်း - ၅၁၈၁၆၅၊ ၆၆၆၆၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဓမ္မပဋိပတ်ရိပ်သာ ဒုလ္လဘပွဲနှင့် ခုနစ်ရက် တရားစခန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ် ဓမ္မပဋိပတ်ရိပ်သာကြီးတွင် (၂၂)ကြိမ်မြောက် ဒုလ္လဘ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် တရားစခန်းကို ဧပြီ၁ရက်မှ ၁၇ရက်အထိကျင်းပမည်ဖြစ်ရာ ဒုလ္လဘဝတ်လိုသူများ ဧပြီ ၉ရက် မွန်းတည့် ၁၂နာရီအရောက်လာကြရန်နှင့် တရားစခန်းပွဲတွင် နယ်လှည့် သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသော မော်လမြိုင်မြို့ မြို့နယ်သံဃနာယကအဖွဲ့(မူလဒွါရ)အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) အောင်တော်မူကျောင်း (မော်လမြိုင်)ဆရာတော် ချင်းတွင်းအရှင်ကလျာဏတို့က ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၀ရက် ညနေ ၃ နာရီအရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။

မဟာဓမ္မပရိပုဏ္ဏလျံပြည့်ဘုရား စိန်ဖူးတော်နှင့် ထီးတော်တင်လှူပူဇော်

မန္တလေးတိုင်း တပ်ကုန်းမြို့နယ် မဟာဓမ္မပရိပုဏ္ဏလျံပြည့်မြတ်စွာဘုရား ဒုတိယ ဌာပနာပူဇော်ပွဲနှင့် ရတနာစိန်ဖူးတော် ရွှေထီးတင်လှူပူဇော်ပွဲကို မတ် ၁၁ ရက် နံနက် ၇နာရီက ညောင်ပင်သာရွာ ဘုရားစေတီတော်ရင်ပြင်၌ ကျင်းပရာ ကျောက်မဲ ဆရာတော်ထံမှ နဝင်္ဂသီလခံယူ၍ ဆရာတော်က သာရနီယကထာ မြွက်ကြားတော်မူပြီး ဒုတိယရဲမှူး အေးသိန်းက သာသနာရေးဆိုင်ရာ လျှောက်ထားကာ ဘုရားဌာပနာတော်နှင့် ရွှေထီးတော်အား အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ ကြီးမှူး၍ မင်္ဂလာပန်းရထားဖြင့် ပင့်ဆောင်ပူဇော်ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

တိုင်းအမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေး အတွေ့အကြုံ ရမည်းသင်းတွင်ထပ်ဆင့်ရှင်းလင်း

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ရမည်းသင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးက ၂၀၀၆ခုနှစ် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းနှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးတို့၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး အတွေ့အကြုံများနှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်း တင်ပြသည်။

ချောက်နက်ကြီး ရေထိန်းတံခါးဖွင့်၊ လယ်ဧက ၃၀၀ အကျိုးပြုမည်

စစ်ကိုင်းတိုင်း တမူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး ချောက်နက်ကြီး ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါရေထိန်းတံခါးတွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဖေဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး ရေထိန်းတံခါးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ရေထိန်းတံခါးမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ ရှစ်သိန်းနှင့် ကျေးလက်ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းကျပ် ၁၈ သိန်း ကုန်ကျပြီး လယ်ဧက ၃၀၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

အဖျောက်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

အဖျောက်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဆရာတော် ဦးဇနက္က (အဖျောက်ကျောင်း) ရွှေဂုံတိုင် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှင့်အထက် အဘိုး၊ အဘွားများနှင့် ၂၀၀၅-၂၀၀၆ပညာသင်နှစ်တွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းများကို အလုပ်အမှုဆောင်အဖွဲ့ ဖုန်း-၅၅၃၄၀၇၊ ၀၉-၅၁၆၇၀၀၉၊ ၀၉-၅၁၀၂၃၇၄ ထံ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်

၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို ဗဟန်းမြို့နယ် အမှတ်(၁၂) အခြေခံ ပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ဆရာမ ဒေါ်မိမိခိုင် (အလပြ) အား ကျောင်းတက်မှန်ဆု ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဒေါ်တင်တင်ယဉ်နှင့် သမီး မစုစုမြင့်တို့အား ရည်စူး၍ အမှတ် ၃၉(K.K) ဖိုးစိန် လမ်း၊ ဗဟန်းမြို့နယ်နေ ဗိုလ်ကြီး ကျော်မြင့်(ငြိမ်း)၊ ဦးကျော်ကျော် အောင်-ဒေါ်သင်းသင်းမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘဉာဏ်က လက်ခံယူစဉ်။ (က-ပ)

စာကြည့်တိုက် ငွေပဒေသာပင် လှူဒါန်း

မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဆေးမင်းတောရွာ မိုးဆန်းပန်းစာကြည့်တိုက်၌ မတ် ၁၄ရက်က စာကြည့်တိုက် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင် မြစ်သာတမံ တည်ဆောက်ရေး(၈)မှ ဦးတင်ဝင်း - ဒေါ်အိအိဝေတို့က ငွေကျပ် ၁၀၀၀၀၊ ဆေးမင်းတောကျေးရွာဥက္ကဋ္ဌ ဦးစန်းဝင်းမောင်က ငွေကျပ်၅၀၀၀၊ ဆေးမင်းတောရွာနေ ဦးပြုံးကျော် (ဆိုင်ကယ် ပြုပြင်ရေး)က ငွေကျပ်၅၀၀၀၊ ရေရှင်ရွာမှ ဦးပြည်သိန်း(သွားစိုက်ဆရာ)က ငွေကျပ်၅၀၀၀တို့ကို ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်အောင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပညာရည်ချွန်ဆုနှင်း၊ နယ်မြေဖွံ့ဖြိုးရေးဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ဆွတ်လန်းကျေးရွာအခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုနှင်း သဘင်အခမ်းအနားနှင့် နယ်မြေဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျောင်းခန်းမ၌ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ကုန်းသာ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးစိုင်းစံအေးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဟောပြောဆွေးနွေးကြကာ ပညာရည်ချွန်ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးများအား အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ၂၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစန်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ခေတ္တတာဝန်ခံ ဒေါက်တာ ဒေါ်ခင်သိန်းထွေးက အစုလိုက်ဝက်သက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းအကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

နာရေးကူညီမှုရုံးဆောက်ရန် ချုံနွယ်များ ရှင်းလင်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူမှုနာရေး ကူညီထောက်ပံ့မှုရုံး ဆောက်လုပ်ရန်အတွက် မြို့ဦးကျောင်းဆရာတော်လှူဒါန်းထားသောမြေကွက်တွင် ချုံနွယ် ပိတ်ပေါင်းများ စုပေါင်းရှင်းလင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ ရက်က ရန်ကြီးအောင်ရပ်ကွက်ရှိ မြို့ဦးကျောင်းဝင်းအတွင်း ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်အေး၊ အတွင်းရေးမှူး ဦးစန်းမောင်တို့နှင့်တကွ အသင်းသူ အသင်းသား ၃၀ခန့်က ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေသော ဟိုင်းကြီးဒေသ၏ ရေလုပ်ငန်း

ကွင်းဆင်းလေ့လာရေးသားသူ – သန်းသန်းနုနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ဖမ်းမိတဲ့ငါးများကို ပုသိမ်မှ တစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချပါတယ်။
ဦးဝင်းနိုင်
(ရေလုပ်ငန်းရှင်)

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝနှင့် ပြည့်စုံသည့်အလျောက် သဘာဝပစ္စည်းများနှင့်လည်း ပြည့်စုံကြွယ်ဝသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ပေသည်။ မိမိနိုင်ငံတွင် သက်ရှိသတ္တဝါ၊ သက်မဲ့ ပစ္စည်းများနှင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။

သဘာဝက ဖြစ်တည်နေသော ရေနှင့် အသက်မွေးဝမ်းကျောင်းပြုနေသော ဧရာဝတီတိုင်း ငပုတော

တစ်ရွာတစ်မျိုး ထုတ်ကုန်တိုး

One Village, One Product အရ ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံတို့သည် ရေလုပ်ငန်းကို အမှီပြု၍ အသက်မွေးဝမ်းကျောင်း ပြုလျက် ရှိကြသည်။ ဟိုင်းကြီးကျွန်းရှိ ရေလုပ်ငန်းရှင်များဖြစ်သော ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင် ဦးကျော်သန်း၊ ဦးဝင်းနိုင်တို့နှင့် တွေ့ဆုံ၍ မေးမြန်းခွင့်ရခဲ့သည်။ ရေလုပ်ငန်းရှင် ၁၀ဦးခန့်ရှိပြီး ကျန်ဒေသ နေထိုင်သူတို့သည် တစ်နိုင်

ပင်လယ်ပြင်မှ ဖမ်းမိသော ငါးစင်းပြား ငါးများကို ဤသို့ တွေ့ခဲ့ရသည်။

မြို့နယ် ဟိုင်းကြီး(၁)ရပ်ကွက်၊ဟိုင်းကြီးစံပြ(၃)ရပ်ကွက် ဟိုင်းကြီးအဏ္ဏဝါသို့ မြန်မာ့အလင်းသတင်း အဖွဲ့ လွန်ခဲ့သော ဖေဖော်ဝါရီ၂၂ရက်က လေ့လာရေးခရီး ရောက်ရှိခဲ့ကြသည်။

တစ်ပိုင် ရေလုပ်ငန်းကို အားထား၍ အသက်မွေးဝမ်းကျောင်း ပြုနေကြသည်။ ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ရာတွင် လုပ်ငန်းနှစ်မျိုးရှိကြောင်း သိရသည်။

ရေခဲကောင်ငါးဖမ်းလုပ်ငန်းနှင့် ဆားငါးဖမ်းလုပ်ငန်းဖြစ်သည်။ ရေခဲကောင်ငါးဖမ်းလုပ်ငန်းမှာ ဖမ်းပြီး ငါးများကို ရေခဲရိုက်ထားခြင်းဖြစ်ပြီး ငါးဖမ်းစက်လှေသည် ပင်လယ်ပြင်တွင် ၁၅ ရက်မှ ရက်၂၀ အထိ ကြာသည်။



ရှင်းပြ

ငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်၍ ဦးကျော်သန်းက ဤသို့ ရှင်းပြခဲ့သည်။

အသုံးပြု

ငါးဖမ်းပိုက်များကို ရာသီအလိုက် အသုံးပြုရပြီး ဇန်နဝါရီလမှ မတ်လအထိ သုံးလက်မပိုက်ကို အသုံးပြုရသည်။ ဧပြီလနှင့်မေလတွင် သုံးလက်မခွဲပိုက်ကို အသုံးပြုရသည်။ ဇူလိုင်လမှ စက်တင်ဘာလအထိကို လေးလက်မပိုက်ကို အသုံးပြုပြီး ထိုလများ ကျော်လွန်သည့်အခါတွင် ငါးလက်မပိုက်နှင့် ငါးလက်မခွဲ၊ ခြောက်လက်မပိုက်တို့ကို သုံးရသည်။

ရေခဲငါးဖမ်းခြင်း

ရေခဲငါးဖမ်းခြင်းကို ယခုကဲ့သို့ ရာသီမျိုးတွင် သုံးလက်မပိုက်ကို အသုံးပြု၍ ရေစုန်၊ ရေဆန်မျှောရပါသည်။ မျှောရာတွင် ကန့်လန့်မျှောခြင်းနှင့် ဝိုင်းမျှောခြင်း နှစ်မျိုးရှိပါသည်။ ဝိုင်းမျှောခြင်းတွင် အဓိကငါးသလောက်များရရှိပြီး အသေးကောင်များ ရရှိသည်။

ငါးကွမ်းရှပ်၊ ငါးဒလွှယ်၊ ငါးခင်းပါး၊ ပင်လယ်ငါးပုတ်သင်၊ ငါးယောင်၊ ငါးကျီးကန်းတို့လည်း ရရှိသည်။

ဆားငါးဖမ်းခြင်း

ဆားငါးဖမ်းခြင်းလုပ်ငန်းမှာ ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါးများကို အကောင်လိုက် ထပ်ထားပြီး ဆားများဖြင့်သိပ်ထားခြင်း ဖြစ်သည်။ ဆားလှေသည် သုံးလက်မပိုက်နှင့် အဓိက ဖမ်းခြင်းဖြစ်ပြီး မျှောပိုက်သာ ဖြစ်သည်။ ဆားလှေသည် ငါးကွမ်းရှပ် ဆားနယ်၊

သုံးပြီးသား ပိုက်များကို ပြန်လည် ပြုပြင်နေသည်ကို ဤသို့တွေ့ရသည်။

ဖမ်းမိသော ငါးများကို စနစ်တကျ စည်များထဲသို့ ထည့်နေစဉ်။

ဇင်းဆားနယ် (ငါးပုတ်တိုး) ဒေသအခေါ်တို့ကို ဖမ်းဆီးရမိသည်။ ဇင်းဆားနယ်(ငါးပုတ်တိုး)သည် ရှားပါးပြီး ၁၅ရက်မှ ရက် ၃၀ အတွင်း ပိဿာချိန် ၂၀၀ခန့်ကို ရရှိနိုင်သည်။ ငါးကွမ်းရှပ် ဆားနယ်မှာ ပိဿာချိန် ၈၀၀ မှ ၁၀၀၀ ခန့် အများဆုံး ရရှိတတ်ကြောင်း လေ့လာ သိရှိရသည်။

ရာသီအလိုက်

ရေလုပ်ငန်းတွင် ငါးဖမ်းခြင်းကိုပြုလုပ်ရာမှာ ရာသီအလိုက် ပိုက်အရွယ်အစားကို အသုံးပြုရသည်။ ငါး၏ အရွယ်အစားသည်လည်း ရာသီအလိုက် ပြောင်းသွားသဖြင့် ငါး၏ အရွယ်ပမာဏပေါ်မူတည်၍ ပိုက်ကို ပြောင်း၍ သုံးရခြင်း ဖြစ်ပေသည်။

ဧပြီလနှင့် မေလတို့တွင် ငါးအကောင်ကြီး၍ သုံးလက်မခွဲပိုက်နှင့် မျှောရပြီး ငါးတစ်ကောင်ကို ဂရမ်ငါးရာခန့်ရှိပြီး ပိဿာချိန်အားဖြင့် လေးဆယ်သားခန့် ငါးသလောက်များ ရရှိသည်။ ဇူလိုင်လနှင့် သြဂုတ်လတွင် တစ်ပိဿာအထက်ငါးများရ၍ ပိုက်ပုံစံသည် ငါးလက်မ၊ ငါးလက်မခွဲ၊ ခြောက်လက်မ ပိုက်များကိုချရသည်။ ဤအချိန်မှာချသော ပိုက်များတွင် ငါးမုန့်ဖြူကိုရရှိသည်။ ငါးမုန့်မည်းကို ခြောက်လက်မပိုက်နှင့် အသုံးပြုပြီး ဖမ်းရသည်။

မိမိတို့ မြန်မာ့အလင်း သတင်းအဖွဲ့ ဟိုင်းကြီးအဏ္ဏဝါသို့ ရောက်နေစဉ်တွင် ရေလုပ်ငန်းရှင် ဦးဝင်းနိုင်၏ငါးဖမ်းစက်လှေ ဝင်ရောက်ချိန်နှင့်ဆုံ၍ စက်လှေပေါ်သို့ တက်ရောက် လေ့လာခဲ့ရာ ယခုအခေါက် ဖမ်းမိခဲ့သောငါးများမှာ ငါးသလောက်များဖြစ်ပြီး ပုသိမ်မှ တစ်ဆင့် ရန်ကုန်သို့ တင်ပို့ရကြောင်း ရှင်းပြပါသည်။

ဖြည့်ဆည်းပေး

ငါးဖမ်းလှေများမှ ရရှိသော ငါးများကို ပုသိမ်မှတစ်ဆင့် ရန်ကုန်သို့ တင်ပို့ရောင်းချသည်။ ရေခဲစက် လေးလုံးရှိရာ နှစ်လုံးနှင့်လည်ပတ်နေပြီး ငါးဖမ်းလှေများအတွက် ဖြည့်ဆည်းပေးလျက် ရှိကြောင်း သိရသည်။ ဖြန့်ဖြူးမှုတွင် ပြည်တွင်းကိုသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချရာ ပုသိမ်မှ တစ်ဆင့် ရန်ကုန် ဘုရင့်နောင်ပွဲရုံ အဝယ်ဒိုင်များသို့ တင်ပို့ကြရသည်။

ပြည်ပသို့ တင်ပို့ရာတွင် မလေးရှားနိုင်ငံသို့ ငါးကွမ်းရှပ်ဆားနယ်ကို တင်ပို့ပြီး တရုတ်နိုင်ငံသို့ ဇင်းဆားနယ်ကို တင်ပို့ခဲ့သည်။ ပြည်ပသို့တင်ပို့ရောင်းချရာတွင်ဟိုင်းကြီးကျွန်းရေလုပ်ငန်းကုမ္ပဏီလီမိတက်အဖွဲ့ ဖွဲ့ထားပြီး တိုက်ရိုက်တင်ပို့ ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကြားသိခဲ့ရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သည် နိုင်ငံတော်အတွက် ပြည်တွင်း စားသုံးမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ဒေသ၏ထွက်ကုန်ကို ပြည်ပသို့ပါ တင်ပို့ ရောင်းချနိုင်ခဲ့သည်။ ဒေသနေသူတို့၏ ရင်းနှီးမြှုပ်နှံမှုပိုမိုများပြားပါက ၎င်းတို့၏လုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ လုပ်ကိုင်နိုင်ပြီး ဒေသ၏ထွက်ကုန်နှင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများ ရှာပေးနိုင်မည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လိုပါကြောင်း၊ ဆက်သွယ်ရေး လမ်းကြောင်းများ ယခင်ကထက် ပိုမိုတိုးတက်မှု ရှိလာသဖြင့် မိမိတို့၏နေရာဒေသသည် နိုင်ငံတော်အတွက် တစ်စိတ်တစ်ဒေသ ကုန်ထုတ်လုပ်မှုများ ဆတက်ထမ်းပိုး တိုးလာပြီဖြစ်ပါကြောင်းနှင့် ယခုထက် ပိုမို

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ထုတ်လုပ်လိုသော ဆန္ဒများလည်း ရှိကြောင်း၊ ဒေသခံတို့၏စေတနာမေတ္တာကို လေ့လာတွေ့မြင်သိရှိခဲ့ရပါကြောင်း ကွင်းဆင်းလေ့လာရေးခရီးမှ မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြေငှားဂရန်ထုတ်ပေးရန်ကြော်ငြာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် မြေချပေးမစ်ရှိသူများအား နှစ် ၆၀ မြေငှားဂရန်များ ထုတ်ပေးမည်ဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း ကျသင့်ဝန်ဆောင်ခငွေများ ပေးသွင်း၍ လာရောက်ထုတ်ယူပါရန် နှိုးဆော်အပ်ပါသည်။

(က)	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်	၁၁၆ ဦး
(ခ)	ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်	၃၂၃ ဦး
(ဂ)	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်	၂၀၅ ဦး
(ဃ)	ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်	၁၇၉ ဦး
(င)	ရွှေပြည်သာမြို့နယ်	၁၅၂ ဦး
(စ)	လှိုင်သာယာမြို့နယ်	၁၂၄ ဦး
(ဆ)	မြောက်ဥက္ကလာပမြို့နယ်(ဝေဘာဂီ)	၁၄ ဦး
(ဇ)	မြောက်ဥက္ကလာပမြို့နယ်(ရွှေပေါက်ကံ)	၇၄ ဦး
(ဈ)	တောင်ဥက္ကလာပမြို့နယ်	၃၈ ဦး
(ည)	သဃ်န်းကျွန်းမြို့နယ်	၇၅ ဦး
(ဋ)	သာကေတမြို့နယ်	၈ ဦး
(ဌ)	ဒေါပုံမြို့နယ်	၃ ဦး
(ဍ)	မင်္ဂလာတောင်ညွန့်မြို့နယ်	၁၀ ဦး

၂။ မရှင်းလင်းသည့် အချက်အလက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ဒုတိယဌာနမှူး(၁) ဖုန်း–၂၄၃၆၇၁ သို့လည်းကောင်း၊ ဒုတိယဌာနမှူး(၂) ဖုန်း–၂၅၂၀၆၄သို့လည်းကောင်း၊ ဌာနခွဲမှူး(စီမံရေးရာ) ဖုန်း–၂၄၈၁၁၂၊ လိုင်းခွဲ–၃၀၃ သို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်၂၀နေ ဦးကြည်ဖေ–ဒေါ်အေးတင်တို့၏တစ်ဦးတည်းသောသား

မောင်အေးမင်းဝင်း

B.Sc (Physics), IDCS (NCC,UK)
3rd Yr Computer Science
(Assumption University, Bangkok)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ အမှတ် ၁ နေ ဦးအေးငွေ (ကောင်းဆုဝေဆောက်လုပ်ရေး)–ဒေါ်အိအိငြိမ်း (အေးငြိမ်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) တို့၏တစ်ဦးတည်းသောသမီး

မစုသွယ်အေးငြိမ်း B.Econ (Stat:)
Air Bagan Limited

တို့၏ ၃–၁၂–၂၀၀၆ရက်တွင် Summit Park View Hotel ၌ ကျင်းပသော စေ့စပ်မင်္ဂလာအခမ်းအနားတွင် စေ့စပ်လက်စွပ်ဆင်မြန်းဝတ်ဆင်ပေးသော ဦးလှိုင်ဝင်း(ဒုတိယဝန်ကြီး၊ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းအားလည်းကောင်း၊ ၁၁–၃–၂၀၀၇ရက်တွင် Sedona Hotel (Grand Ball Room)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်း ဝတ်ဆင်ပေးသော ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)နှင့်ဇနီးဒေါက်တာဒေါ်သီသီအေးအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးသော Ghost Rider တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးသော မိတ်ကပ်အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဖက်ရှင်စိုးစိုး၊ ဗီဒီယိုနှင့်ဓာတ်ပုံ မှတ်တမ်းတင်ရိုက်ကူးပေးသော မိုးကိုဦးနှင့်အဖွဲ့၊ ပန်းအလှပြင် ခင်မောင်ဝင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ M-3 Food Center တွင်ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မေတ္တာဖြင့် DJစီစဉ်ပေးသော DJ Myo Myo နှင့်ဇနီး မသက်ထားအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

ပါမောက္ခဒေါက်တာနိုင်ပန်းလှအတွက် မွေးနေ့ဆုမွန်လွှာ

ချစ်ပါပါ – ချစ်ပါနွတ် – ပါမောက္ခ ဒေါက်တာနိုင်ပန်းလှ၏ (၈၄)နှစ်မြောက် မင်္ဂလာမွေးနေ့ ၂၀–၃–၂၀၀၇ရက်မြတ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ဘက်စုံပညာအရာမှာ ထာဝစဉ်ဆက်လက် ထူးချွန်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သမီး – **မိခင်ခင်လှ–ဒေါက်တာမန်းစိုးမြင့်၊ ပြည်လမ်း၊ ရန်ကုန်။**
ချစ်သားများ – **မင်းအေးချမ်း–မိတင်တင်စိန်၊ မင်းမေချမ်း–မိသစ်သစ်၊ မင်းလှိုင်းထော–မိကြည်ကြည်ဆန်း၊ မင်းအေးချို–မိနှင်းဆီ၊ မင်းလှိုင်စွန်း (၁၂–က၊ ရွှေတောင်ကြားရိပ်သာ)။**
ချစ်မြေးများ – **မင်းကွန်ထော–မိနှင်းဖြူပြာဟန်၊ မိမေစိုးမွန် B.Sc(Hons) Physics၊ မင်းလှထော (B.C.Sc, Hons)၊ မင်းထောမွန်(Gran' Bird Co.,Ltd. Tokyo)၊ မိမေလှိုင်းကြည် (Assistant Accountant, Smile Telecomunication Co.,Ltd, U.K)၊ မင်းဗညားထော (Sr. Deck Cadet ကြယ်ငါးပွင့်)၊ မိဥမ္မာချမ်း (Cooperative Bank)၊ မိအိမွန်ချမ်း (2nd Year English for Professional Purposes)၊ မင်းတင်ဦးချို (2nd Year-MP GTC, Thanlyin)။**
ချစ်မြစ်လေး – **မိသိုက်သြန်ထော။**

မွေးနေ့ဆုတောင်း

တင်ဇာထွန်းလင်း(ခ)ပိုလ်တေ

၏ ၂၀–၃–၂၀၀၇ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ထာဝရ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ **မောင်ငွေးကျော်၊ မောင်ဇာထွင်။**

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်သိန်းမြင့်(ဘ)ဦးချစ်လွန်း ၁၂/ဗဟန(နိုင်)၀၄၆၈၁၄ ကိုင်ဆောင်သူ အမှတ် ၁၅၉၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်က ဦးကျင်တိုးလွင် ၁၂/သခန(နိုင်)၀၆၉၈၆၆ ကိုင်ဆောင်သူအား ၁၇–၁၁–၂၀၀၆ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်–၆/၉၂၆၂ ဖြင့် လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်အမှုသည်၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကြောင့် ပြန်လည်၍ ရုပ်သိမ်းလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်မြ(စဉ်–၅၀၁၇) တရားရုံးချုပ်ရှေ့နေ
၅၅(ပ)ထပ်၊ အခန်း ၁၅(အေ)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကံမြင့်ကျောင်းတိုက် တရားပွဲ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သိရီမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ က ညစဉ် ၇နာရီတိတိ၌ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ဟောင်ကောင်အပြည်ပြည်ဆိုင်ရာဝူရှူးပြိုင်ပွဲ မြန်မာဝူရှူးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် မတ် ၁၉

ဒုတိယအကြိမ် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ ဝူရှူးအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အဖွဲ့ဝင်ခုနစ်ဦး ပါဝင်သော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ဟောင်ကောင်သို့ ထွက်ခွာသွားကြသည်။

ပါဝင်

မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာစိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူနှင့် နည်းပြအဖြစ် ဦးခွန်ဂျာအောင် (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)၊ အားကစားသမားများအဖြစ် **အမျိုးသား**–ဝေဖြိုးအောင်၊ ကျော်ဇင်သစ်နှင့် ဟိန်းဇော်၊ **အမျိုးသမီး**–စန္ဒီဦးနှင့် ရွှေရည်လင်းတို့ ပါဝင်ကြသည်။

(အောက်ပုံ)

ပါဝင်ယှဉ်ပြိုင်

ဒုတိယအကြိမ် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ ဝူရှူးအားကစားပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ အသင်းပေါင်း ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမှတ် ၁၁၅၇/၁၁၅၈ မိုးမခလမ်း ၄၆ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ တက္ကသိုလ်စိန်တင်–ဒေါ်တင်စိန်(စိမ့်ပညာရေး)မိသားစုက ဒေါ်တင်စိန်၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က–ပ)

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၁၉

စစ်ကိုင်းတိုင်း လဟယ်မြို့နယ် လခြမ်းကျေးရွာ၌ မတ် ၁၆ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၈၅လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ် ခဲ့ကြောင်း၊ မွန်ပြည်နယ် ကျိုက်ထို မြို့နယ် သိမ်ဇရပ်ကျေးရွာ၌ မတ်၁၆ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ခြောက်ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း။

ပဲခူးတိုင်း သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဂျင်းယားကုန်းကျေးရွာ၌ မတ် ၁၈ ရက်တွင် မီးလောင်မှု ဖြစ်ပွားရာ အိမ်ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၂၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများဖွင့်လှစ်

ရန်ကုန် မတ် ၁၉

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများဖွင့်ပွဲကို မတ် ၁၈ ရက် နံနက် ၉ နာရီမှ စတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ ၌ တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။ အဆိုပါဖွင့်ပွဲများသို့ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များက တာဝန်ခံနယ်မြေအလိုက် ကွင်းဆင်း၍ သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။ **(အောက်ပုံ)**

တက်ရောက်

သင်တန်းများကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းနေရာ ၂၀ ၌ သင်တန်းသားဦးရေ ၂၆၄၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၃–၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ကိုယ့်အပြစ်ကိုယ်ခံရမှာပဲ ကလေးရယ် တရားတော်(အပိုင်း–၂) [ဆရာတော်အရှင်ဆန္ဒာဓိက]
၇:၄၅	ရိုးရာအမြင်ဖြင့် အတွေးကိုမြှင့်၊ ယဉ်ကျေးမှုတင့် မြန်မာ့စဥ့်
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Sunday Talk
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	၂၀၀၇ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းဂေါက်ရိုက်ပြိုင်ပွဲ
၉:၃၅	ပြည်တွင်းသတင်းအကျဉ်း
၉:၄၅	Music Gallery (ဖိုးကာ–တစိမ့်စိမ့်ကြည့်)
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ (အပိုင်း–၁) (ဒေါက်တာခင်မျိုးလှ)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	မွေးရန့်ကုထုံး
၁၁:၀၀	မိုးလေဝသခန့်မှန်းချက်
၁၁:၀၅	Yangon Panorama VEJTHANI HOSPITAL (Bangkok)
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	တီကောင်စွန့်ပစ်သြဂဲနစ်
၁၂:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၅၀	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရန်အောင်၏ နိုင်ငံကူးလက်မှတ်-၆၄၇၂၄၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဆက်သွယ်ရန်-ဖုန်း-၆၄၂၅၇၉။

အမြန်ပြန်လာပါ

သမီး **မသန်းသန်းဌေး** ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မားမား စိတ်ပူနေသည်။

ဦးထွန်းခင်-ဒေါ်ကြည်ဝင်း

ဖုန်း-၀၁-၅၁၆၀၈၁။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ညီညီမင်းထွန်း၏ Passport No-686508 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ပြန်လည်ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန် - ဖုန်း-၂၄၃၁၃၅။

မော်နီတာအပျက်ဝယ်သည်

ကွန်ပျူတာ (မော်နီတာ) အပျက်များ အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန် ဖုန်း-၅၂၆၈၉၈။



အောင်စကြာ

Technical Service Co., Ltd.

(License No.389/2006-2007)

၁။ ဆေးဝါးကျွမ်းကျင်အကူသင်တန်းသား (၅၀)၊ သူနာပြုအကူသင်တန်းသား (၅၀) လက်ခံမည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(ခ) ဆေးဆိုင်ဖွင့်မည့်သူများကို အစအဆုံး ကူညီပေးမည်။

(ဂ) ပြည်တွင်း၊ ပြည်ပ အခြေစိုက်ရုံးခွဲများဖွင့်၍ အလုပ်အကိုင်ရရှိရန် ကုမ္ပဏီမှဆောင်ရွက်ပေးမည်။

၃။ လျှောက်လွှာများကို နီးစပ်ရာ အောင်စကြာကုမ္ပဏီများ(ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ပြည်၊ မော်လမြိုင်၊ လှိုင်ကော်၊ တောင်ကြီး၊ ပုသိမ်၊ မကွေး၊ ဟိုပုန်း၊ လားရှိုးမြို့)များသို့ ၂၃-၃-၂၀၀၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

သင်တန်းဖွင့်မည့်နေ့ရက် - မတ်လ ၂၄ရက်၊ ၂၆ရက်၊ ၂၀၀၇။

သင်တန်းကာလ - သုံးလ (လျှောက်လွှာများလာရောက်ဝယ်ယူနိုင်သည်)

ရန်ကုန်ရုံးချုပ် - အမှတ် ၁၂၂၊ တတိယထပ်၊ ၃၈လမ်း(အောက်)၊ ကျောက်တံတား၊ ဖုန်း-၀၁-၃၇၆၀၇၃၊ ၀၁-၂၈၂၄၃၁၊ ၀၉၅-၁၅၈၆၃၈၊ ၀၉၉၉-၇၂၀၈၉၊
e-mail: aungsinkyar @ mail4u.com.mm

မန္တလေးရုံးခွဲ - အမှတ် ၅၈၈ /A၊ လမ်း-၈၀၊ ၃၅ X၃၆ လမ်းကြား၊ ဖုန်း-၀၂-၂၅၇၆၆၊ ၀၉-၂၀၀-၄၆၈၈၊

မုံရွာရုံးခွဲ - အမှတ် ၄၅၊ ကျောက္ကာလမ်းမြောက်ဘက်၊ ပေ ၈၀ လမ်း၊ အရှေ့ဘက်၊ သလ္လာ(၅)ရပ်ကွက်၊ ဖုန်း-၀၉-၅၁၄၇၄၇၂၊

ပြည်ရုံးခွဲ - အမှတ် ၈၁၉၊ ဗိုလ်ချုပ်လမ်း၊ သာသနာ့ဗိမာန်ရှေ့၊ ဆံတော်ရပ်ကွက်၊ ဖုန်း-၀၅၃-၂၅၃၀၆၊

မော်လမြိုင်ရုံးခွဲ - အမှတ် A/၆၊ ရွှေစံပယ်အိမ်ရာ၊ မြိုင်ရတနာဈေးကြီးရှေ့၊ '၇'ကားဂိတ်အနီး၊ ဖက်တန်းနယ်မြေ၊ ဖုန်း-၀၉-၅၃၂-၂၂၄၀၊

လှိုင်ကော်ရုံးခွဲ - ထေးသ/မရိပ်သာ၊ ချိကယ်၊ လှိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၃၇၆၊

တောင်ကြီးရုံးခွဲ - အမှတ် ၁၁၂/၁၁၃၊ (Y.M.C.A) တိုက်ခန်း၊ရုံးကြီးလမ်း၊ နယ်မြေ(၈)၊ သစ်တောရပ်ကွက်၊ ဖုန်း-၀၉၅-၂၁၀၆၄၆၊

ပုသိမ်ရုံးခွဲ - အမှတ် ၄၃ /A၊ ရှင်ပင်ဘုန်းပွင့်လမ်းနှင့် မရမ်းချိုလမ်းဆုံ၊ လမင်းဆေးခန်းအနီး၊ ဖုန်း-၀၉-၅၂၀၂၆၇၉၊

မကွေးရုံးခွဲ - အမှတ် ၁၅၊ မဲထီးလမ်း၊ ဈေးရပ်၊ မကွေးမြို့၊ ဖုန်း-၀၉၅-၃၄၂၃၄၂။

ဟိုပုန်းရုံးခွဲ - အမှတ် ၈၈၄၊ ဈေးကြီးလမ်း၊ တောင်ရပ်ကွက်၊ ဟိုပုန်းမြို့၊ ဖုန်း-၀၉-၂၀၀-၄၆၈၈။

လားရှိုးရုံးခွဲ - သုခလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ကြက်တောင်ကွင်းအနီး၊ ရပ်ကွက်(၆)၊ လားရှိုးမြို့၊ ဖုန်း-၀၉-၅၁၈၉၀၀၇။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မ၏ သားဖြစ်သူ မောင်သူရအောင် နိုင်ငံသားအမှတ် (ပြုလုပ်ဆဲ)သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်လာပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ မိဘက ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

အဖ - ဦးထွန်းရီ

အမိ - ဒေါ်အေးအေးမြင့်။

သာစုကန် ပုညသင်္ဂဟ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ ပုညသင်္ဂဟ ကျောင်းတိုက်ကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နာယကဆရာတော်ဘဒ္ဒန္တကုမုဒဝရ အရှင်သူမြတ်က (၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၉ရက်မှ နှစ်ဆန်း ၁ရက်အထိ)ဧပြီ၁၀ရက်မှဧပြီ၁၇ ရက်အထိ ခုနစ်ရက်တိုင် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်မည့်ယောဂီများသည် ဧပြီ ၉ရက် နောက်ဆုံးထား စာရင်းပေးသွင်းပြီး ရပ်ဝေးမှ ယောဂီများသည် ရွာမ ပရိယတ္တိ စာသင်တိုက် အင်းစိန်စုရပ်သို့ ဧပြီ ၁၀ရက် ညနေ၅နာရီအရောက် လာရောက်ကြပါရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုပါက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဘဒ္ဒန္တတိလောကာဘိဝံသ ရွာမပရိယတ္တိစာသင်တိုက် အင်းစိန် ဖုန်း-၀၉-၅၀၀၂၇၁၅နှင့် ဘဒ္ဒန္တကုမုဒဝရ ပုညသင်္ဂဟကျောင်း သာစုကန်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည် **အစည်းအဝေး၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ သက်ကြီး ဂါရဝပြုပွဲနှင့် ၂၀၀၆ တက္ကသိုလ်ဝင်တန်း ပညာရည်ချွန်ဆုပေးပွဲကို မတ် ၄ ရက်က ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းရှိ အသင်းတိုက်ခမ်းမရုံတွင် ကျင်းပရာ တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝေ ဘုန်ဦးကို အသင်းဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ပညာရည်ချွန် ဆုချီးမြှင့်စဉ်။** (က-ပ)

ကံသာဦးစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မန္တလေး မတ် ၃

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကျောက်ချက်ကျေးရွာတွင် စာအုပ်စာပေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက်က ကံသာဦး စာကြည့်တိုက်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကံသာဦး ဆရာတော် ဦးဇဋိလအား အမှူးထား၍ မန္တလေးမြို့နေ ဦးကျော်မြင့်-ဒေါ်အုံးမြိုင်တို့၏သား ဦးစိုးလှိုင်-ဒေါ်မြမြဝင်း၊ သား မောင်ကျော်ဇင်သန့် မိသားစုက စာအုပ်၊ ဂျာနယ်မျိုးစုံ ၂၅၃ အုပ်၊ မန္တလေးတိုင်း ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဦးအောင်ဆန်းက စာအုပ် ၁၅၀၊ ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ရွာနေ ဦးဝင်းဆွေ (နီလာစာပေ)က သုတ၊ ရသ ၁၆၄အုပ်၊ ဦးနန်းညွန့်စိုး (နန်းဦးလွင်)က သုတ၊ ရသ စာအုပ် ၆၀၊ ဦးမင်းဇော်-ဒေါ်စောပပအောင် (ရွှေမိုးစာပေ)က စာအုပ် ၆၀၊ မန္တလေးမြို့ ဒေါ်နွားရုပ်နေ ကိုသာမန်က စာအုပ် ၂၀၊ အခြားအလှူရှင်များက စာအုပ်၆၅ အုပ်စုစုပေါင်း ၇၇၂အုပ်ကို ဆရာတော် ဦးဇဋိလထံ ဆက်ကပ်လှူဒါန်းကြ ကြောင်း သိရသည်။ **(ယာပုံ) (၃၁၃)**

သနပ်ပင်မြို့နယ် ခရမ်းကျေးရွာတွင် အသိပညာပေးဟောပြော ရာနှုန်းပြည့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများပေးအပ်

(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင်ငွေလှူဒါန်း

သနပ်ပင် မတ် ၁၂

သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာရှိ ခမ်းမရုံတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့တို့သည် မတ် ၈ ရက် နံနက် ၉ နာရီက အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးအဖွဲ့ဝင် ဒေါ်ခင်စောဥမ္မာက လူမှောင်ခိုနှင့်လူကုန်ကူးမှု အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ စည်းရုံးရေးဌာနကြီး အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြလေးကျင်က အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ခရမ်းစံပြကျေးရွာရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အမျိုးသမီးရေးရာ ဝတ်စုံများကို လည်းကောင်း၊ ခရမ်း စံပြကျေးရွာရှိ မြတ်လေးရုံ စာကြည့်တိုက်သို့ စာအုပ်စာတမ်းများကို လည်းကောင်း၊ ခရမ်းစံပြကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင် တန်ဖိုးငွေကျပ် ၁၃၅၀၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အသိအမှတ်ပြု

ဆက်လက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က ခရမ်းကျေးရွာရှိ အမျိုးသမီးများ၏ ရာနှုန်းပြည့် အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်သည့် အမျိုးသမီးအင်အား ၈၅၂ဦး၏ အဆိုပြုလွှာ ၈၅၂စောင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးထံ ပေးအပ်ပြီး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်သည့် အမျိုးသမီးများအား အဖွဲ့၏ ရင်ထိုးတံဆိပ်များကို တပ်ဆင်ပေးပြီး **(ဝဲပုံ)** အဖွဲ့ဝင်အသိအမှတ်ပြု ကတ်ပြားများကို ထုတ်ပေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့သည် ခရမ်းစံပြကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးပြီး၊ ဆေးကုသခံရန် လာရောက်ကြသောအဘိုးအဘွားများအား ဆေးဝါး အာဟာရများ လှူဒါန်း၍ မြတ်လေးရုံ စာကြည့်တိုက်သို့ သွားရောက်စစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

(၉၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၁၉

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပစ္စည်းထိန်း ဦးစိန်လှိုင်(ဇော်မိုးအောင် စိုက်ပျိုးရေး၊ လူမှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)**သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် မတ် ၁၃ရက်က (၉၅)ကြိမ်မြောက်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာ လက်မှတ်ပေးအပ်ပွဲ ပြည်၌ကျင်းပ

ပြည် မတ် ၁၄

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နဝမအကြိမ်မြောက် ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာသင်တန်း လက်မှတ်ပေးအပ်ပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီက ပြည်မြို့ ပညာရေးကောလိပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်မြို့ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်နှင့် လက်ထောက်ကထိကများ၊ စီမံဌာနမှူး၊ လေ့ကျင့်ဌာနမှူး၊ စာပေဌာနမှူး၊ နည်းပြများနှင့် ဆရာ ဆရာမများ၊ ဒေသခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ပြည်မြို့ ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာ သင်တန်း လက်မှတ်ပေးအပ်ပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

ချီးမြှင့်

ထို့နောက် သင်တန်းသူများက သစ္စာခံဌာန် ရွတ်ဆိုပြီး ပြည်မြို့ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က အမှတ်စဉ်(၁၀/၂၀၀၅)ခုနှစ် (ပထမနှစ်) သင်တန်းသူ ၁၉၄ ဦးနှင့် ပြင်ပလေးဦးတို့ကို လည်းကောင်း၊ အမှတ်စဉ်(၉/၂၀၀၄)ခုနှစ် (ဒုတိယနှစ်) သင်တန်းသူ ၂၆၆ ဦး၊ အဝေးယူ၂၉ ဦးတို့ကို လည်းကောင်း၊ ဆရာအတတ်ပညာ ကျွမ်းကျင်မှု ဒီပလိုမာ သင်တန်းလက်မှတ်များနှင့် အလုပ်ခန့်အပ်လွှာများကို ပေးအပ်ချီးမြှင့်သည်။ **(၄၀၃)**

ငါ့သရောက်မြို့၌ မီးငြှိမ်းသတ်နည်း သရုပ်ပြ

ညောင်ဦး မတ် ၁

ညောင်ဦးခရိုင် ငါ့သရောက်မြို့ရှိ ရပ်ကွက်လေးရပ်ကွက်နှင့် ဆည်ကျေးရွာအုပ်စုတို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပြန်လည်စိစစ်ဖွဲ့စည်းခြင်း၊ အရေးပေါ်မီးငြှိမ်းသတ်ရေး ပစ္စည်းများဖြင့် လက်တွေ့မီးငြှိမ်းသတ် သရုပ်ပြသခြင်းနှင့် တစ်အိမ်တက်ဆင်း အကြံပြုစစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ရက်အထိ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

ဆောင်ရွက်

ယင်းသို့ ဆောင်ရွက်ရာတွင် ငါ့သရောက်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ထွန်းနိုင်၊ မီးသတ်ဦးစီးမှူးဦးယဉ်ကျော့၊ စခန်းမှူးရဲအုပ်အောင်ဇော်ဦးနှင့်ညောင်ဦးမြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးမြမင်းနှင့် အဖွဲ့တို့ ပါဝင်ဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ဖေဖော်ဝါရီ ၁၄ ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစိုးနိုင်က ရှင်းလင်းပြသစဉ်။ (၄၁၇)

ကြံခင်းမြို့၌ ကြပ်ခလေးတံတားဖွင့်

ကြံခင်း မတ် ၁၅

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော အကျယ် ၁၈ပေ၊ အရှည် ၅၅ပေရှိ ကြပ်ခလေး သစ်သား တံတားဖွင့်ပွဲကို မတ် ၁၂ရက် နံနက် ၈နာရီက အဆိုပါ မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(၀၈၀)**

မတ် ၆ ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကရင်ဆိပ် (ထန်းပင်ကွင်း) ချောင်းစောက်ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းကို အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း၊ လက်ထောက် အင်ဂျင်နီယာ ဒေါ်ဝင်းမာနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲဝင့်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ရွှေပြည်သာဘုရား နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲ အလှူတော်ငွေများ ပေးအပ်လှူဒါန်း

ပျော်ဘွယ် မတ် ၈

ပျော်ဘွယ်မြို့ ရွှေပြည်သာဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂ရက် နံနက် ၉နာရီက စေတီတော်အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းဌေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်သန်း၊ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဆွေနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပွဲတော် ပျော်ပွဲရွှင်ပွဲကျင်းပရေး ကော်မတီသို့ လှူဒါန်းငွေကျပ်၁၅သိန်းကို မြို့နယ်ဥက္ကဋ္ဌဦးဆန်းဌေးကပေးအပ်ရာဂေါပကအဖွဲ့ အတွင်းရေးမှူးက လက်ခံယူသည်။

ပွဲတော်ကာလအတွင်း အများပြည်သူများ လှူဒါန်းခဲ့ကြသော အလှူငွေပေါင်းမှာ ငွေကျပ် ၁၈၇ သိန်းကျော် ရရှိခဲ့ရာ ယနေ့အထိ ငွေကျပ် ၂၀၃ သိန်းကျော် လက်ခံရရှိနေပြီဖြစ်သည်။

လှူဒါန်းနိုင်

စေတီတော် ကြေးပြားသက်န်းကပ်လှူရန် ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၂၅၀)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ရတနာသိဃ်ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်နှင့် တိုးချဲ့မြေအတွက် လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ကန်လမ်း ခြံအမှတ်၉နေ ဦးရန်နိုင် (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးစီးမှူး၊ငြိမ်း)၊ ဒေါ်စန်းစန်းမိသားစုတို့က ဦးရန်နိုင်၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ်မြောက် အလှူငွေကျပ်ငါးသိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိသိရီ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)၏ရှေ့မှောက်တွင် လှူဒါန်းစဉ်။ (က-ပ)

ဒေါ်ရှုကြူအား ရည်စူး၍ မြိတ်မြို့ ဆိပ်ငယ်ရပ် ဗိုလ်ချုပ်လမ်း အမှတ် (၆၉)နေ ဦးချင်စွီး မိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာ တော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော်ကြီး အတွက် အလှူငွေကျပ် သိန်း ၃၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ဥက္ကလာပ မြို့နယ် (၆)ရပ်ကွက် အင်းဝ ၁၀လမ်း အမှတ်(၁၀၆၈)နေ ဦးရွှေတိုး-ဒေါ်အေးအေးသိန်း၊ သား မောင်မြတ်ဘုန်းဟိန်း မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းနှစ်သောင်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးဦးထွန်းအေးက လက်ခံယူစဉ်။(က-ပ)

ကျန်းမာရေးပညာပေးဟောပြော၊ အခမဲ့ဆေးကုသ

သရက်ချောင်း မတ် ၉

(၆၂)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကွင်းဆင်း ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့်အခမဲ့ဆေးကုသ ပေးခြင်းကို **ဖေဖော်ဝါရီ ၁၃ရက်က** လဘာကျေးရွာ အုပ်စုတွင် ကျင်းပသည်။(အပေါ်ပုံ)

အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဆန်းလွင်က အသင်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး မြို့နယ် တိုင်းရင်းဆေးမှူး ဦးဇော်လင်းထင်က ရောဂါကြီး ခြောက်မျိုးမှ သွေးတိုးရောဂါ၊သွေးချို၊ ဆီးချို ရောဂါနှင့် ဒုတိယ လက်ထောက် တိုင်းရင်း ဆေးမှူး ဦးတင်မောင်ဦးက ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းတို့ကို ကျန်းမာရေး ပညာပေး ဟောပြောကြကာ လူနာ ၁၂၀ တို့ကို အခမဲ့ဆေး ကုသမှုများဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ငှက်ဖျားရောဂါ ကာကွယ်ရေး ပညာပေး အမျိုးသမီးရေးရာကွင်းဆင်းဆွေးနွေး

နမ့်စန်(တောင်) မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်(တောင်) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ရက်က နားရိုင်းကျေးရွာသို့သွားရောက်ပြီး ကျေးရွာမူလတန်းကျောင်း၌ နားရိုင်းဖွံ့ဖြိုးရေးဒေသ ဒုတိယဥက္ကဋ္ဌ ဦးကြူစန်းပါဝင်လျက် ကျေးရွာတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ အိုင်အိုဒင်းဆားသုံးစွဲရေး၊ ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေး၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေး၊ ယင်လုံအိမ်သာသုံးစွဲရေး၊ လူမှောင်ခိုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သော ပညာပေးဆွေးနွေးပွဲလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ အမျိုးသမီးရေးရာ အင်အားတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ အိုင်အိုဒင်းဆားနှင့် ကွန်ဒုံးများ အခမဲ့ဝေငှပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မိုင်းယန်းမြို့သာယာလှပရေး ပန်းပင်များစိုက်ပျိုး

မိုင်းယန်း မတ် ၁

မိုင်းယန်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်များတွင် ပျိုးပင်များ ပျိုးထောင်ခြင်း၊ လမ်းဘေးဝဲယာ တစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် လမ်းပေါက်များဖာထေးခြင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၁ ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာယာလှပရေး

ဖေဖော်ဝါရီ ၁၉ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(သန့်) ဦးဖြိုးဝေအောင်နှင့် အဖွဲ့ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက် သဲများကျုံးခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက်

၂၁-၃-၂၀၀၇

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မူလအာနိသင်မပျက် မြန်မာ့တိုင်းရင်းဆေးဝါး၏ တိုးတက်မှုအရည်အသွေးများ)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ပုဂံကျောက်စာကပြောသော ပုဂံမြင်ကွင်း-မောင်ကျော်ဝင်း-မဟာဝိဇ္ဇာ)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (ရဲဝံ့စွန့်စားသူအတွက် စွမ်းအား- မောင်ရဲလူ)

၁၂:၃၅ ဓာတ်လမ်းပမာနားဆင်စရာ (သစ်ခွပန်းဖြူဖြူ)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တစ်ချိန်က သစ္စာများရယ် (ရဲဘော်စိုးနိုင်)
(၂) မေတ္တာလွန်းတင် (အမာစိန်)
(၃) ချစ်ခွင့်ဘယ်ခါကြုံပါ့မယ် (ကိုတင်ကိုး)

၁၇:၃၀ အစာနှင့်အာဟာရ(မာလာငါး)

၁၇:၄၅ သူ့လက်သံ (မြန်မာ့အသံ မောင်ချမ်းသာ၏ စောင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တစ်ခါတုန်းကစစ်တက္ကသိုလ် (တက္ကသိုလ်မောင်သန့်ဇင်)
(၂) အောင်စိတ်ဖြင့်ထူးချွန်စွာအောင်မြင်နည်း (လယ်တွင်းသားစောချစ်)

၁၉:၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (Heartတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့်အချစ်များနဲ့ ကမ္ဘာ-၅တေးစီးရီး)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လွမ်းနေပါတယ်စမ်းရေ (ကိုတင်ဝင်း)
(၂) မှန်ကြိုက်သူ (မြင့်မြင့်စိန်)
(၃) ချစ်ဦးမောင့်ထံပြန်လာပါ (ဟသ်ာတ-အောင်တင်ဝင်း)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သရက်တောလမ်း အမှတ်၃၂ (ပထမထပ်) အခန်းကျယ်နေ ဦးလှထွန်း–ဒေါ်ခင်သန်းမြင့်၊ သား မောင်သန်းထိုက်အောင်မိသားစုတို့က ဖခင်ဦးလှဒင်နှင့် မိခင်ဒေါ်မြသိန်းတို့အားရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သင့်ဘဝ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ကလေး ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ကြာအင်းကျေးရွာ သင့်ဘဝ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက်၁၀နာရီက ယင်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ရေး၊ စာကြည့်တိုက်တာဝန်ခံများ လုပ်ငန်းကျွမ်းကျင်မှုရှိရေးနှင့် စာအုပ်များစုဆောင်းရေး စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာပေဒါနအလှူရှင်များက စာအုပ်မျိုးစုံ ၅၂၀နှင့် အလှူငွေကျပ် ၁၇၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးဌေးလွင်တို့က လက်ခံရယူပြီး **(အပေါ်ယာပုံ)** ရွာမိရွာဖဦးခင်ထူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးကြွင်းမီးကျန် မရှိရန်
အစဉ်သတိ အမြဲရှိ



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများ ခေါ်ယူခြင်း

ကျောင်းသားမိဘများအနေဖြင့် သား၊သမီးများအား အင်ဂျင်နီယာများနှင့် ကွန်ပျူတာပညာရှင်များဖြစ်စေလိုလျှင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အောက်ဖော်ပြပါ နည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၁–၄–၂၀၀၇ ရက်တွင် စတင်ဖွင့်လှစ်မည့် အခြေခံကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ဆက်သွယ်အပ်နှံနိုင်ပါသည်။

- နည်းပညာတက္ကသိုလ်/ကောလိပ် (မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ ကလေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ မိုးညှင်း)
- ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ ကလေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်)

(၁) အဆိုပါသင်တန်းသို့ ၂၀၀၆ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် ၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

(၂) သင်တန်းတက်ရောက်၍ ပထမလေးလသင်တန်းအောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ် ချီးမြှင့်ပေးမည်။

(၃) ပထမလေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်း အောင်မြင်သူများအား ဒုတိယလေးလသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်း အောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ် ချီးမြှင့်ပေးမည့်အပြင် နည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်/ကောလိပ်များတွင် အခြေခံကျွမ်းကျင်မှုသင်တန်း၌ သင်ယူခဲ့သည့် ဘာသာရပ်အတိုင်း ပထမနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များနှင့်ကွန်ပျူတာတက္ကသိုလ်များတွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ပစ္စည်းများရောင်းချနိုင်ကြောင်း အသိပေးကြေညာခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများသည် အခွန်ထမ်းဆောင်ပြီးသည့် ကုန်စည်များဖြစ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများမှန်ကန်ပါက အခွန်ထမ်းဆောင်ပြီးသော ကုန်စည်များဖြစ်ကြောင်းကို မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အပြည့်အဝတာဝန်ယူသွားမည်ဖြစ်သဖြင့် စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)၊ မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်– ၈ /၂၀၀၆

ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ မိတ္ထီလာမြို့။	နှင့်	၁။ ဦးကျော်သိန်း ၂။ ဦးခင်မောင်မြင့်
တရားနိုင်		**တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၄၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၆ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက် အကွက်အမှတ် (ဃ/ပြည်သာယာ–တ)ဦးပိုင်အမှတ် (အက်ဖ်–၁၇၁) မြေကွက်အမှတ်(၁၇၁) မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ (၂၇x၂၇)ပေရှိ လူနေတစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ် ၄၅ သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်(ခရိုင်တရားသူကြီး)
မိတ္ထီလာမြို့။

အပွင့်လှလှ
သဇင်ဥ၊ သဇင်တိုင်
စိုက်ပြီးသဇင်တိုင်
အမှတ် ၅၃၅၊ သုမင်္ဂလာလမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာ။
ဖုန်း–၅၆၀၅၆၇၊ ၅၇၂၄၉၇။

အမြန်ရောင်းမည်
လက်ရှိအသုံးပြုနေသော လိုင်းဖမ်းအား အလွန်ကောင်းသော Synotech အမျိုးအစား (၁၂ပေ) ၃ ဒသမ ၆ m, Original Aluminium ဆန်ခါ စလောင်း။ **ဖုန်း–၀၉–၅၁–၈၁၇၉၉။**

သင့်သွေးဖြင့်
အသက်ကယ်ပါ

နိုင်ငံတော်အတွင်း ဖြစ်ထွန်းနေသည့် ပကတိအခြေအနေမှန်များကို နိုင်ငံကြီးအချို့ မျက်ကွယ်ပြု မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်ကြောင်း စွပ်စွဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ကြိုးပမ်းခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ကန့်ကွက်ပယ်ချ ပကတိအခြေအနေမှာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းနေသည်ကို တွေ့ရမှာဖြစ်

နေပြည်တော် မတ် ၁၉

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၈ ရက် နံနက် ၈နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အောင်လံမြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆင်ဘို-ဟိုပင်လမ်းဖောက်လုပ်ခြင်းဖြင့် ကျေးလက်ပြည်သူများ ဆက်သွယ်သွားလာမှုပိုမိုကောင်းမွန် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ဆင်ဘိုမြို့ရှိ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူငါးကေ စိုက်ခင်းအမှတ်(၂)အား သွားရောက် ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

မြန်မာ့အလင်း **သတင်းဆောင်းပါးအညွှန်း**

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုကို
တစ်ဖက်တစ်လမ်းမှ
ဖြည့်ဆည်းပေးနေသော
ဟိုင်းကြီးဒေသ၏ ရေလုပ်ငန်း

သန်းသန်းနု နှင့် တင်မာဝင်းတို့၏ သတင်းဆောင်းပါး (စာ-၁၂) ၌ ဖတ်ရှုနိုင်ပါသည်။

ပြုစုပျိုးထောင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်ရင်း အောင်စစ်သည်ခန်းမအနီးရှိ ရော်ဘာပျိုးဥယျာဉ်၌ ပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ထောပတ်ပျိုးပင် ၁၅၀၀ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ခြံစည်းရိုးကြက်ဆူ၊ နှစ်ရှည်ပင်၊ ရော်ဘာနှင့် စားသုံးသီးပင်များကို စိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်အောင် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားကြရန်နှင့် ဖြစ်ထွန်းအောင်မြင်မှုကိုလည်း စနစ်တကျ မှတ်တမ်းပြုစုထားရှိပြီး ပို၍ပို၍ တိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆင်ဘို-ဟိုပင်လမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့မှ ဆင်ဘို-ဟိုပင်လမ်းအတိုင်း *စာမျက်နှာ ၃ ကော်လံ ၁* ■